မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၈)၊ အမှတ် (၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားမြန်လည် စည်းလုံးညီညွတ်ရေး
* နိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ချေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိုက္ကမြင့်မားရေး
* အမျိုးဂုဏ် ဓာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြိုးစိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသည့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက်၏ ဖိတ်ကြားချက်အရ ယနေ့နံနက် ၁၀ နာရီတွင် အထူးလေယာဉ်ဖြင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဗိုလ်ချုပ်မောင်ရှိန်၊ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်ကိုကို၊ ဗိုလ်ချုပ်သာအေး၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှဌေးဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ၎င်းတို့၏ဇနီးများ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr.Golam Mostafa နှင့်ဇနီး၊ စစ်သံမှူး Brig-Gen ANM Shawkat Jamal နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အတော်

(၂၀၀၈ ခုနှစ် အောက်တိုဘာ ၈ ရက်)

နယ်မြေဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်ရေး ဒေသခံတိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းဖော်ဆောင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ၃ရက်က မန္တလေးတိုင်း ပျော်ဘွယ်၊ မိတ္တီလာ၊ သာစည်၊ မလှိုင်နှင့် မြင်းခြံမြို့များသို့ ရောက်ရှိခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မြန်မာနိုင်ငံရှိ လူဦးရေ ၇၀ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများ ဖြစ်ကြသည်။ ကျေးလက်နေထိုင်သူများသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြသူများ ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ တောင်သူလယ်သမားတစ်ဦးချင်း ဝင်ငွေတိုးပြီး ချမ်းသာကြွယ်ဝလာမှသာလျှင် နိုင်ငံတော်သည်လည်း ချမ်းသာကြွယ်ဝလာမည် ဖြစ်သည်။

တောင်သူလယ်သမားများ စီးပွားရေးတိုးတက်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာများကို အဘက်ဘက်မှ ပံ့ပိုးဖြည့်ဆည်း ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် သဘာဝအမွေဖြစ်သည့် မြေသယံဇာတများ ပေါများကြွယ်ဝသည်နှင့်အမျှ တောင်သူလယ်သမားများသည် ယင်းအခြေ အနေကိုအခြေခံကာ ဝီရိယထား ကြိုးစားလုပ်ကိုင်သွားမည်ဆိုပါက ဝင်ငွေတိုးတက်ရရှိနိုင်မည် ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ပျော်ဘွယ်မြို့သို့ရောက်စဉ် မိမိတို့နိုင်ငံသည် မြေသယံဇာတ ပေါကြွယ်ဝစွာ ရှိပြီးဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ရာတွင် အကျိုးဖြစ်ထွန်းရေးအတွက် သီးနှံစိုက်စနစ်မှန်ကန်ရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုးသုံးစွဲရေး၊ ဓာတ်မြေသြဇာနှင့် ဒေသထွက်မြေသြဇာများ စနစ်တကျ ပေါင်းစပ်သုံးစွဲရေးတို့ကို မှာကြားခဲ့သည်။

မိတ္တီလာမြို့နယ် တောမကျေးရွာတွင် မိုးနှောင်းချည်မျှင်ရှည်ဝါများ စိုက်ပျိုးလျက်ရှိရာ၌ ဝါအထွက်နှုန်းကို ပန်းတိုင်အထွက်နှုန်း ကျော်လွန်အောင် ထွက်ရှိပါက "ဝါအထွက်နှုန်းအကောင်းဆုံးဆု" သတ်မှတ်ချီးမြှင့်မည် ဖြစ်ပေသည်။

မလှိုင်မြို့နယ်သည် မိုးနည်းဒေသဖြစ်ပြီး မိုးစပါးစိုက်ပျိုးရန် ယခင်က ရေလုံလောက်စွာ မရရှိခဲ့သောကြောင့် နိုင်ငံတော်က စိုက်ပျိုးရေ ရရှိရေးအတွက် ကျင်းသာဆည်ကို တည်ဆောက်ပေးခဲ့သည်။ ယခုအခါမှာ မိုးစပါး၊ နွေစပါးအပါအဝင် တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ပြီဖြစ်သည်။ တောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းများ သွက်လက်မြန်ဆန်ရေးအတွက် စက်များအသုံးပြုဆောင်ရွက်ခြင်း၊ ကျွဲနွားများ၏ စွန့်ပစ်ပစ္စည်း များဖြင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်၍ အိမ်သုံးလျှပ်စစ်မီးအသုံးပြုနိုင်အောင် ဆောင်ရွက်ခြင်းတို့ကို ကြိုးပမ်းလုပ်ဆောင်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိရာတွင် ပြည်သူများ အနေဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ မိမိဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပါဝင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက် ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၈-၁၀-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ **အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄း၅၀ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ ကျန်းမာကြီးခိုင်ဒို့နိုင်ငံ
၅း၂၀ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀ ၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၅။ ကာတွန်းအစီအစဉ် **ကျားကလေးရဲ့ မွေးရပ်မြေ** (အပိုင်း-၃၆)
၆း၄၅ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ မြန်မာဒီဒီယိုဇာတ်လမ်းတွဲ **အိပ်မက်ဆိုးမှ မနိုးခင်** (အပိုင်း-၇)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ မြေလိုက်ပါ
၂၂။ ICT သုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေကြောင်းမြို့တော်** (အပိုင်း-၁)

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးဖွင့်လှစ်သော ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အဖွဲ့ဝင်၊ စာရေးနှင့်ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၆ရက် နံနက် ၉နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းအောင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး(**အောက်ပုံ**) မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင်က သင်တန်းဖွင့်လှစ်ရခြင်း နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ (၁၂၁)

စွမ်းအင်ဝန်ကြီးဌာန အရာထမ်းသစ်များ လုပ်ငန်းခွင်အကြိုသင်တန်းဖွင့်

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၇

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယမန်နေ့နှံနက်ပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသော စွမ်းအင်ဝန်ကြီးဌာန အရာထမ်းသစ်များ လုပ်ငန်းခွင်အကြို သင်တန်းဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး သင်တန်းဖွင့် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှု အောက်ရှိ လုပ်ငန်းဌာနများမှ ညွှန်ကြား ရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းသို့ အရာထမ်းသစ် သင်တန်း သား သင်တန်းသူ ၁၃၁ဦး တက်ရောက်ကြ ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးကာကွယ်ရေး မိုးညှင်းဒ်ဗညာပေး

မိုးညှင်း အောက်တိုဘာ ၇

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ရက် နံနက် ၁၀နာရီက မိုးညှင်းခရိုင် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်လှိုင်က အမှာစကားပြောကြားပြီး သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ကျန်းမာရေးဦးစီးဌာနမှ ကချင်ပြည်နယ် ၄က်ဖျားတိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာတင်ထွန်းဦးက ဆွေးနွေးပေးပြောသည်။ (ခရိုင် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၁၀-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀-၁း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅ **ကံဉာဏ်မတွဲ အကုန်လွဲ** တရားတော် (ရွှေမိုးညို ဆရာတော် အရှင်ဇာနေယျ)
၇း၄၅-၁း၄၅ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈း၁၅-၂း၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၀-၂း၄၀ စိုက်ပျိုးစီးပွားဖြစ်ထွန်းဖို့ ဇီဝမြေသြဇာသုံးစွဲစို့
၉း၀၀-၃း၀၀ တေးဂီတအစီအစဉ်
၉း၀၅-၃း၀၅ ပြည်တွင်းသတင်းအကျဉ်း
၉း၁၅-၃း၁၅ Study Guide (Manawramma Gratis Educational Institute)
၉း၄၀-၃း၄၀ တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀ Activities In The City (MSI ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ)
၁၀း၀၀-၄း၀၀ တေးဂီတအစီအစဉ်
၁၀း၀၅-၄း၀၅ မိုးလေဝသခန့်မှန်းချက်
၁၀း၁၀-၄း၁၀ Midweek Sports News
၁၀း၂၅-၄း၂၅ တေးဂီတအစီအစဉ်
၁၀း၃၀-၄း၃၀ **အသက်ကလေးရယ်တဲ့ ရှည်စေလို** (ဦးအောင်လွင်၊ ဦးကြည်ဖိုး၊ ၄က်ပျောကြော်၊ ထင်ပေါ်၊ မေထွန်ခေါင်၊ မျိုးမျိုးခိုင်) (ဒါရိုက်တာကြည်ဖိုး)
၁၀း၄၅-၄း၄၅ ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅-၄း၅၅ တေးဂီတအစီအစဉ်
၁၁း၀၀-၅း၀၀ လှေလာမြတ်နိုးထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာအနုပညာ (အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် အကြောင်း သိကောင်းစရာများ)
၁၁း၁၅-၅း၁၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀-၅း၂၀ တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅ အရသာနှင့် အာဟာရစုံစွာ ပျော်ဘွယ်မုန့်ကြွပ်မှာ
၁၁း၃၅-၅း၃၅ တေးဂီတအစီအစဉ်
၁၁း၄၀-၅း၄၀ အိုင်တီနည်းပညာနှင့် အရောင်းပြပွဲ (၂၀၀၈)
၁၁း၅၅-၅း၅၅ ရေလယ်ပေါ်ထွန်း ကျိုက်မှော်ဝန်း တင့်ရွန်းသပ္ပာယ် ကြည်ညိုဖွယ်
၁၂း၂၀-၆း၂၀ တေးဂီတအစီအစဉ်
၁၂း၂၅-၆း၂၅ Myanmar Video Rhythm
၁၂း၅၀-၆း၅၀ ဆန်းသစ်လှပ မြန်မာ့ကြေးဒေါင်းရွေအလှ
၁း၀၀-၇း၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ပိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

● *ရှေ့ဖုံးမှ*

လိုက်ပါသွား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော် စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးဒေါ်မြင့်မြင့်စိုး၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

ဦးစိုးပြိုင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် အဆောက်အအုံသစ်အလှူရှင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီးတို့က စာကြည့်တိုက်အဆောက်အအုံနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကြည်ဌေးထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း ပုလဲမြို့နယ် နွယ်အင်းကျေးရွာ၌ ဦးစိုးပြိုင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

နေပြည်တော် အောက်တိုဘာ ၇

စစ်ကိုင်းတိုင်း ပုလဲမြို့နယ် နွယ်အင်းကျေးရွာ ဦးစိုးပြိုင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်နှင့် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၅ရက် နံနက် ၉နာရီခွဲက အဆိုပါအဆောက်အအုံ၌ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဦးစိုးပြိုင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ကို ရပ်မိရပ်ဖ ဦးဌေးနိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းမြင့်နှင့် နွယ်အင်းကျေးရွာဥက္ကဋ္ဌ ဦးမျိုးဇော်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ဦးစိုးပြိုင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်နှင့် အဆောက်အအုံသစ် အလှူရှင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဆောက်အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့်ဇနီးတို့က စာကြည့်တိုက်အဆောက်အအုံနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကြည်ဌေးထံ လွှဲပြောင်းပေးအပ်သည်။

လှူဒါန်း

ဆက်လက်၍ အလှူငွေ၊ စာအုပ်၊ စာစောင်များနှင့် ပရိဘောဂပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးက လှူဒါန်းသော စာအုပ်များကို ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းကလည်းကောင်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီးတို့က လှူဒါန်းသော စာအုပ်၊ စာစောင်များကို ဗိုလ်မှူးကြီးဆန်းအောင်ကလည်းကောင်း၊ ပရိဘောဂအလှူရှင်များဖြစ်ကြသော မင်းတိုင်ပင်ကျေးရွာနေ ဆရာဦးဌေးနိုင်နှင့် ဇနီးတို့က တန်ဖိုးငွေကျပ်ရှစ်သောင်းတန် ဗီရိုတစ်လုံးကို လည်းကောင်း၊ မင်းတိုင်ပင်ကျေးရွာနေ ဦးထင်အောင်နှင့်ဇနီးတို့က တန်ဖိုးငွေ ကျပ်လေးသောင်းတန် ဗီရိုတစ်လုံးကိုလည်းကောင်း၊ နွယ်အင်းကျေးရွာ သမဝါယမလီမိတက်မှ တန်ဖိုးငွေကျပ် ငါးသောင်းတန် ဗီရိုတစ်လုံးကိုလည်းကောင်း၊ ပုလဲမြို့နယ်ပညာဒါနအလှူရှင်များက စုပေါင်းလှူဒါန်းသည့် ဗီရိုနှင့် စာအုပ်၊ စာစောင်များကို အလှူရှင်များကိုယ်စား ဦးသောင်းစိန်ကလည်းကောင်း၊ စာကြည့်တိုက်ငွေပဒေသာပင်အတွက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီးဒေါ်ကြည်ကြည်ဝင်းမိသားစုတို့က အလှူငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးစိုးက အလှူငွေကျပ်ငါးသောင်းကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းအတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများမှ ဝန်ထမ်းများ၏လှူဒါန်းငွေများ၊ မုံရွာစာပေနှင့် စာနယ်ဇင်းမှ လှူဒါန်းငွေများ၊ ပုလဲမြို့နယ်နှင့် မင်းတိုင်ပင်ကျေးရွာတို့မှ စေတနာရှင်များ၏ လှူဒါန်းငွေများ၊ စုစုပေါင်းလှူဒါန်းငွေကျပ် ၁၀၁၈၁၀၀ကို စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်သန်းဝင်းက လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး စာဖတ်နေသူလူငယ်များအား အသိပညာတိုးပွားရေးအတွက် စာပေများများ ဖတ်ရှုလေ့လာကြရန် အားပေးစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်ဇနီးတို့သည် နွယ်အင်းကျေးရွာရှိ ဓမ္မဝိစိတ္တာရာမကျောင်းတိုက်သို့ သွားရောက်ကာ ဆရာတော်သံဃာတော်များထံမှ ငါးပါးသီလခံယူ၍ လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ကျွေးမွေးဧည့်ခံ

ဆက်လက်၍ ဝန်ကြီးနှင့်ဇနီးတို့သည် နွယ်အင်းကျေးရွာရှိ အသက်(၇၀)နှင့်အထက် အဘိုးအဘွားသက်ကြီးပူဇော်ပွဲ အခမ်းအနားသို့တက်ရောက်၍ အဘိုးအဘွားများအား ကန်တော့ကြပြီး အလှူငွေများကို ပေးအပ်လှူဒါန်းကာ အဘိုးအဘွားများအား နေ့လယ်စာကျွေးမွေးဧည့်ခံကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲပိုင်းတွင် နွယ်အင်းကျေးရွာအနီးရှိ လှိုင်းချောင်းရေလှောင်တမံသို့ ရောက်ရှိရာ တာဝန်ရှိသူများက တမံအတွင်း ရေဝင်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များအပေါ် ညှိနှိုင်းဆွေးနွေးပြီး ဒေသခံတောင်သူလယ်သမားများကို အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုသိုလ်ကောင်းမှုပြုသူ အကြီးအမျိုးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည် အများသူငါတို့ထက် မြတ်သောအကြီးအမျိုးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

(ဓမ္မပဒ - ၃၀)

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်များ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ ကျေးရွာများသို့ သွားရောက်ကွင်းဆင်းလေ့လာ

ရန်ကုန် အောက်တိုဘာ ၇

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ဦးဆောင်၍ အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သောပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Bansorn Bunnag ပါဝင်သည့် အာဆီယံသံရုံးများမှ သံရုံးအကြီးအကဲများ၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဝင်များဖြစ်သည့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ Ms. Adelina Kamal နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ Country Director Mr. Toshi Hiro Tanaka နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ရဟတ်ယာဉ်များဖြင့် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာ၊ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် မြတ်လေးရုံကျေးရွာနှင့် ဆိပ်ကြီးကျေးရွာတို့၌ အကောင်အထည် ဖော်လျက်ရှိသည့် ကျေးလက်ကို အခြေခံသော ဆောလျင်စွာ ပြန်လည်ထူထောင်ရေး အစီအမံတိုးတက်မှုအခြေအနေများကို သွားရောက်ကွင်းဆင်းလေ့လာကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် အဖွဲ့ဝင်များသည် နံနက် ၈နာရီ ၄၅မိနစ်တွင် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာသို့ရောက်ရှိကြပြီး နိုင်ငံတော်အစိုးရနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ပြည်တွင်းပြည်ပအလှူရှင်များ၏ လှူဒါန်းမှုဖြင့် လေဘေးသင့်ပြည်သူများအား စနစ်တကျ ပြန်လည်ထူထောင် တည်ဆောက်ပေးထားသော ရွာသစ်နှင့် လူနေအိမ်များ၊ နေရောင်ခြည်စွမ်းအင်ဖြင့် မောင်းနှင်သည့် ရေသန့်စင်စက်၊ နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုဆေးသင်္ဘောတို့ကို ကြည့်ရှုလေ့လာကြပြီး ကြက်လျှာကျေးရွာအခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် တီရှပ်အင်္ကျီများနှင့် အစားအသောက်များကိုပေးအပ်လှူဒါန်းကြသည်။

ထို့နောက် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးကျော်သူနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းကြီး အနောက်ကျေးရွာအုပ်စုအတွင်းရှိ မြတ်လေးရုံရွာ၌ ရေလုပ်သားများအတွက် လှေများ တည်ဆောက်မှုလုပ်ငန်းကို လည်းကောင်း၊ ဆိပ်ကြီးကျေးရွာ၌ မူလတန်းကျောင်း ပြင်ဆင်မွမ်းမံမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အားပေးစကား ပြောကြားကြသည်။

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် အဖွဲ့ဝင်များ မြတ်လေးရုံရွာ၌ ရေလုပ်သားများအတွက် တည်ဆောက်ထားသည့် ငါးဖမ်း စက်လှေများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ပြန်လည်ရောက်ရှိ

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကျော်သူနှင့်အဖွဲ့ဝင်များသည် ကွမ်းခြံစိုက်ပျိုးမှု လုပ်ငန်းအခြေအနေ၊ ရေလုပ်သားများအတွက် လှေများတည်ဆောက်နေမှုနှင့် သောက်ရေတွင်းအတွက် ရေသန့်စက်နှင့် အုတ်ရေစစ်ကန် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုလေ့လာကြပြီး ရန်ကုန်မြို့သို့ ညနေ ၃နာရီခွဲတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

မက်ဆင်ဂျာ အာကာသယာဉ်သည် မာကျူရီဂြိုဟ်၏ အထက်အမြင့် ၁၂၅မိုင်အကွာမှပျံသန်းခဲ့ပြီး တစ်နာရီလျှင် မိုင်၁၄၈၀၀ နှုန်းဖြင့် ပျံသန်းခဲ့ခြင်းဖြစ်သည်။ ၎င်းအာကာသယာဉ်သည် ယခုနှစ် ဇန်နဝါရီ ၁၄ရက်ကလည်း မာကျူရီဂြိုဟ်အနီးမှ ပထမဆုံးအကြိမ် ပျံသန်းခဲ့သည်။ မက်ဆင်ဂျာအာကာသယာဉ်သည် ၂၀၀၉ခုနှစ် စက်တင်ဘာလတွင် မာကျူရီဂြိုဟ်၏အနီးမှ နောက်ဆုံးပျံသန်းရန် စီစဉ်ထားသည်။

ပိုမိုလေ့လာနိုင်

မာကျူရီဂြိုဟ်သည် ဂြိုဟ်များအားလုံးတွင် နေနှင့်အနီးဆုံးဂြိုဟ်ဖြစ်သည်။ မက်ဆင်ဂျာအာကာသယာဉ်မှ ရိုက်ကူးခဲ့သော ဓာတ်ပုံများ၊ လေ့လာတွေ့ရှိချက်များအရ မာကျူရီဂြိုဟ်အား လှည့်ပတ်နေသော သံလိုက်စက်ကွင်းများအကြောင်းကို လူသားများ ပိုမိုလေ့လာနိုင်တော့မည်ဟု နာဆာသိပ္ပံပညာရှင်များက ထုတ်ဖော်ပြောကြားသည်။ *(အင်တာနက်)*

အမေရိကန်တို့၏ ဗိုလ်ကျစိုးမိုးမှုမလိုလား ဘဂ္ဂဒက် အစိမ်းရောင်ဇုန်အနီး ဖောက်ခွဲတိုက်ခိုက်

ဘဂ္ဂဒက် အောက်တိုဘာ ၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ပြင်၌ အောက်တိုဘာ ၇ရက်က လုံခြုံရေးတင်းကျပ်စွာ ဆောင်ရွက်ထားနေသည့် အစိမ်းရောင်ဇုန်အနီးတွင် အားပြင်းဗုံးနှစ်လုံး ပေါက်ကွဲခဲ့ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

ပေါက်ကွဲခဲ့

အဆိုပါ ဗုံးပေါက်ကွဲမှုများကြောင့် အနည်းဆုံး အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားသည်။ ယင်းအားပြင်း ဗုံးနှစ်လုံးအနက် ပထမတစ်လုံးမှာ အီရတ် သံချပ်ကာယာဉ်အား ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ပြီး ဒုတိယဗုံးမှာ အီရတ်အစိုးရရုံးများနှင့် အမေရိကန် သံရုံးတို့တည်ရှိရာ အစိမ်းရောင်ဇုန်အနီး၌ ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

ခုခံတိုက်ခိုက်

ယင်းဗုံးများတိုက်ခိုက်မှုကြောင့် မော်တော်ကားအချို့ မီးလောင်ပျက်စီးသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အီရတ်နိုင်ငံမှ ခုခံတိုက်ခိုက်ရေးသမားများသည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ဗိုလ်ကျစိုးမိုးချယ်လှယ်မှုကို မလိုလားကြ၍ နည်းမျိုးစုံဖြင့် ခုခံတိုက်ခိုက်လျက်ရှိသည်။

(အင်တာနက်)

အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူ ဒေသခံပြည်သူများ ဆေးပါးကုသမှုခံလျက်ရှိသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ အသေခံကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

သီရိလင်္ကာမြောက်ပိုင်း အသေခံဗုံးခွဲမှု ၂၅ဦးထက်မနည်းသေဆုံး

ကိုလံဘို အောက်တိုဘာ ၇

သီရိလင်္ကာနိုင်ငံမြောက်ပိုင်း အနုရတ္တပူရမြို့၌ အောက်တိုဘာဖေရက် နံနက်ပိုင်းက တမီးလ် ကျားသူပုန်တို့ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ၂၅ ဦးထက်မနည်းသေဆုံးပြီး ၆၅ဦး ဒဏ်ရာရရှိသွားကြောင်း သီရိလင်္ကာ ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

အဓိက အတိုက်အခံပါတီဖြစ်သည့် ယူအင်နိုပီပါတီရုံးအတွင်းသို့ အသေခံဗုံးခွဲသူက ဝင်ရောက်ဗုံးခွဲတိုက်ခိုက်ခြင်း ဖြစ်ကြောင်း အရာရှိများကပြောကြားသည်။

သေဆုံးသူများတွင် သီရိလင်္ကာအစိုးရတပ် စစ်ဦးစီးအရာရှိဟောင်းနှင့် အတိုက်အခံ ယူအင်နိုပီပါတီခေါင်းဆောင် ဂျာနာတာပီရေဂျာပါဝင်သည်။သူသည် သီရိလင်္ကာအစိုးရတပ်တွင် ထင်ရှားသည့် တပ်မှူးတစ်ဦးဖြစ်သည့်အပြင် ဂျက်ဖနာကျွန်းဆွယ်၏ တပ်မှူးတာဝန်ကိုယူခဲ့သည်။

(အင်တာနက်)

မိုဆူးလ်မြို့၌ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက် အမျိုးသမီးများနှင့် ကလေးငယ်များသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၇

အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ အောက်တိုဘာ ၆ရက်က အကြမ်းဖက်သမားများ၏ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၁ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။

ပွဲချင်းပြီး

သေဆုံးသူများတွင် ဒေသခံပြည်သူ အမျိုးသမီးသုံးဦး၊ ကလေးငယ်သုံးဦးနှင့် အကြမ်းဖက် စစ်သွေးကြွငါးဦး ပွဲချင်းပြီး သေဆုံးခဲ့ခြင်း ဖြစ်သည်။

ထုတ်ပြန်ကြေညာ

ယင်းနေ့အစောပိုင်းတွင် မိုဆူးလ်မြို့၌ သေနတ်သမားများက ၄င်းတို့ စီးနင်းလာသည့် မော်တော်ယာဉ်ဖြင့် မောင်းနှင်ဖြတ်သန်းကာ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လေးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း ပြည်နယ်သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

သေဆုံး

ယခုနှစ်အတွင်း အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ အယ်လ်ခိုင်ဒါအဖွဲ့၏ အကြမ်းဖက်မှုများ အပြင်းထန်ဆုံး ဖြစ်ပေါ်လျက်ရှိရာ အမေရိကန်နှင့် အပေါင်းပါတပ်များ အပြန်အလှန်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများစွာ သေဆုံးလျက်ရှိသည်။

(အင်တာနက်)

စက်တင်ဘာလအတွင်း အီရတ်၌ဖြစ်ပွားသော ဗုံးဖောက်ခွဲမှုကြောင့် အရပ်သား ၃၆ဝနှင့် ကန်တပ်ဖွဲ့ဝင်ရှစ်ဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၇

အီရတ်နိုင်ငံတစ်ဝန်းလုံး၌ စက်တင်ဘာလအတွင်း နေရာအနှံ့ရှိ လူစည်ကားရာ ဈေးများတွင် အကြမ်းဖက်သမားများက ဗုံးခွဲတိုက်ခိုက် မှုများပြုလုပ်ခဲ့ရာ သေဆုံးသူအရပ်သားဦးရေမှာ ၃၆ဝဖြစ်ကြောင်း၊ ယင်းမှာ ဩဂုတ်လအတွင်း သေဆုံးသည့် အရပ်သားဦးရေထက် ၅၈ ဦး ထပ်မံမြင့်တက်လာခဲ့ကြောင်း၊ မက်ကတ်ချီသတင်းစာက ဖော်ပြသည်။

၄၁၇၇ဦး

ထို့ပြင် စက်တင်ဘာလအတွင်း သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ရှစ်ဦးရှိကြောင်း၊ ၂၀၀၃ခုနှစ် မတ်လမှစ၍ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံသို့ ကျူးကျော်ဝင်ရောက်ချိန်မှစ၍ ယနေ့ထိ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၄၁၇၇ဦးရှိသွားပြီဖြစ်ကြောင်း ယင်းသတင်းစာက ရေးသား ဖော်ပြသည်။

ထောင်ပေါင်းများ

အီရတ်နိုင်ငံအတွင်း ငါးနှစ်ကျော်ကြာ ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် အီရတ်ပြည်သူများ သေဆုံးမှုဦးရေကို အတိအကျ မပြောကြားနိုင်သော်လည်း ထောင်ပေါင်းများစွာသော အရပ်သားများ သေဆုံးခဲ့သည်ဟု ခန့်မှန်းကြောင်း မက်ကတ်ချီသတင်းစာ၌ ဖော်ပြပါရှိသည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် အဆောက်အအုံ အချို့ကို အောက်တိုဘာ ၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်၌ အကြမ်းဖက် ဖောက်ခွဲတိုက်ခိုက်မှုများ ဖြစ်ပွားရာ ဒဏ်ရာ ရရှိသူများကို တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက် ပေးနေသည်ကို အောက်တိုဘာ ၆ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်ပြည်သူများ အသတ်ခံရမှုတွင်ပါဝင်သည့် အမေရိကန်တပ်ဖွဲ့ဝင်အား ထောင်ဒဏ်များချမှတ်

ဘဂ္ဂဒက် အောက်တိုဘာ ၇

အီရတ်နိုင်ငံအတွင်း အကျဉ်းကျခံရလျက်ရှိသည့် အီရတ်ပြည်သူလေးဦးအား ၂၀၀၇ခုနှစ်က သေနတ်ဖြင့်ပစ်သတ်ကာ ရုပ်အလောင်းများ ဖျောက်ဖျက်မှုတွင်ပါဝင်သည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား ယင်းအမှုတွင်ပါဝင်သည်ဟု ဝန်ခံခဲ့ပြီးနောက် ထောင်ဒဏ်ရှစ်လ ချမှတ်လိုက်ပြီဖြစ်သည်။

ဝန်ခံ

ယင်းတပ်ဖွဲ့ဝင်မှာ စတီးဗင်ရီဘော်ဒီ အမည်ရှိသူဖြစ်ကာ အီရတ်အကျဉ်းသားလေးဦးအား ပစ်သတ်ခဲ့ပြီးနောက် တူးမြောင်းအတွင်း ပစ်ချခဲ့သည်ကို ရပ်ကြည့်နေမိ၍ အလိုတူအလိုပါ အပြစ်ရှိကြောင်း ဝန်ခံခဲ့သည်။

လူသတ်မှု

ယင်းအမှုတွင် အခြားတပ်ဖွဲ့ဝင်သုံးဦးအား လူသတ်မှုဖြင့် တရားစွဲဆိုထားကြောင်း၊ စုစုပေါင်း အမေရိကန်တပ်ဖွဲ့ဝင်ခုနှစ်ဦး ပါဝင်ကြောင်း အင်တာနက်သတင်း၌ ပါရှိသည်။

(အင်တာနက်)

မပြေးသော်လည်း ကန်ကောရှိခဲ့ပြီထင့် ....

နိုင်ငံတကာမှုခင်း

ဆန္ဒပြရန်စစ္စကိုမြို့သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အလယ်ပိုင်း ကမ်းရိုးတန်းရှိ ပယ်လယ်ဆိပ်ကမ်းမြို့ဖြစ်သည်။ လူဦးရေ ကိုးသိန်းကျော် နေထိုင်ပြီး သာယာလှပသော မြို့တစ်မြို့ဖြစ်သည်။

သားသမီးမထွန်းကား

ဆန္ဒပြရန်စစ္စကိုမြို့တွင် ရောဘတ်နိုးလ်နှင့် မာဂျိရီကန့်လ်လာတို့ ဇနီးမောင်နှံ နေထိုင်ခဲ့ကြသည်။ သူတို့ ဇနီးမောင်နှံသည် လှန်ခဲ့သော နှစ်ဝက်ဖြစ်သည့် ၁၉၇၈ ခုနှစ်က လက်ထပ်ခဲ့ကြပြီး ထိုစဉ်က ရောဘတ်သည် အသက် ၂၅နှစ်အရွယ်ရှိ နေပြီး မာဂျိရီက အသက် ၁၈နှစ်အရွယ်မျှ သာရှိသေးသည်။ သူတို့နှစ်ဦးသည် အိမ်ထောင်သက် ကြာလာသည်နှင့်အမျှ သား သမီးလိုချင်သော်လည်း မထွန်းကားခဲ့ပေ။

ခွင့်တောင်း

ရောဘတ်နိုးလ်သည် ဥပဒေပညာရှင် တစ်ဦးဖြစ်ပြီး မာဂျိရီကမူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည်။ သားသမီး မထွန်းကားသော သူတို့အိမ်တွင် ခင်ပွန်းသည် ရောဘတ်သည် ယောကျ်ားသား တစ်ဦးပီပီ ပြဿနာတစ်ရပ်အဖြစ် မယူဆ သော်လည်း မိန်းမသား မာဂျိရီကမူ သားသမီးလိုချင်စောဖြင့် အရူးအမူး ခံစားခဲ့ရ သည်။ သားသမီးမရှိသော မာဂျိရီသည် သားသမီးအစား တိရစ္ဆာန်များအား မွေးမြူ ရန် ရောဘတ်ထံ ခွင့်တောင်းခဲ့သည်။

ခွင့်ပြု

ခင်ပွန်းသည် ရောဘတ်မှာ ဇနီးသည် မာဂျိရီက အိမ်တွင် အယ်လ်ဇေးရှင်းခွေးများ မွေးမြူရန် တောင်းဆိုလာခဲ့မှုကို ဥပဒေ ပညာရှင်ပီပီ အကျိုးအပြစ်ကို သိသော ကြောင့် မခွေးမြူစေလိုသော်လည်း သား သမီး မထွန်းကားသဖြင့် စိတ်သောက ရောက်နေသော ဇနီးသည်အား လိုက်လျော သည့်အနေဖြင့် နောက်ဆုံးတွင် ခွင့်ပြုလိုက်ရ တော့သည်။

သေဆုံးခဲ့

ထိုသို့ ခွင့်ပြုခဲ့မိခြင်းကပင် ဇနီး သည်အား အတိုက်အခိုက်စေရန် ဖန်တီး ပေးသကဲ့သို့ ဖြစ်ခဲ့ရသည်။ မာဂျိရီမွေးမြူ ထားသော ကြိုးများလှသည့် အယ်လ်ဇေး ရှင်းခွေးကြီးသည် ၂၀၀၁ခုနှစ်က အိမ်နီး ချင်း ဝှစ်ယယ်လ်အမည်ရှိ အမျိုးသမီးအား အချက်ပေါင်း ၇၀ကျော်မျှ အကြီးအကျယ် ကိုက်ခဲ တိုက်ခိုက်ခဲ့ရာ ၎င်းအမျိုးသမီးသည် ၁၀မိနစ်ကြာ အိုးနှိုက်တိုအတွင်းတွင် ရရှိခဲ့ သော ဒဏ်ရာကြောင့် ဆေးရုံ၌ ကုသနေ ရစဉ် သေဆုံးခဲ့ရသည်။

ထိုကြောင့် ဆန္ဒပြရန်စစ္စကို တရားရုံး က ၂၀၀၂ခုနှစ်တွင် ခွေးပိုင်ရှင် မာဂျိရီအား လူသေမှုဖြင့် ထောင်ဒဏ်လေးနှစ်ချမှတ်ခဲ့ သည်။ ကယ်လီဖိုးနီးယား တရားရုံးချုပ် က ယင်းထောင်ဒဏ်သည် မှားယွင်း ချမှတ်မိခဲ့ခြင်းဖြစ်သည်ဟုဆိုကာ ၂၀၀၈ ခုနှစ်စက်တင်ဘာ ၂၂ရက်တွင် ထောင်ဒဏ် ၁၅နှစ်ချမှတ်ခဲ့သည်။ လျော့ရက်ပေးပေး တရားရုံးက ဆုံးဖြတ်စဉ်တွင် မာဂျိရီသည် ထောင်ဒဏ် သုံးနှစ် ကျခဲ့ပြီးဖြစ်ကာ လျော့ရက်မရပါက နောက်ထပ် ထောင် ဒဏ် ၁၂နှစ်ကို ထပ်မံအပြည့်အဝကျခံရ မည်ဖြစ်သည်။

သင်ခန်းစာ

ယခုဖြစ်ရပ်တွင် ဖြစ်ပေါ်လာမည့် အကျိုးအပြစ်ကို သိသော်လည်း ခင်ပွန်း သည် ရောဘတ်က ဇနီးသည် မာဂျိရီအား ငဲ့ညှာမှုကြောင့် အယ်လ်ဇေးရှင်းခွေး မွေး ခွင့်ပေးလိုက်သည်။ ထို့မှအဖြေကာ ယင်းခွေးကြောင့် အိမ်နီးချင်း ဝှစ်ယယ်လ် သေခဲ့ရမှုတွင် မည်သော်လည်း ကန်ရာရှိ ဆိုသကဲ့သို့ ခွေးဏ် ပိုင်ရှင်ဖြစ်သူ မာဂျိရီ ကန့်လ်လာ ထောင်ဒဏ် ကျခဲ့ရသော အဖြစ်ကို သင်ခန်းစာယူမှုယ် ရေးသား တော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင်
ကိုကားရေးပေးခဲ့သည်

ထောင်ဒဏ် ၁၅နှစ် ချမှတ်ခံရသည့် မာဂျိရီ ကန့်လ်လာ။

ရောဘတ်နိုးလ်သည် ဥပဒေပညာရှင် တစ်ဦးဖြစ်ပြီး မာဂျိရီကမူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည်။ သားသမီး မထွန်းကားသော သူတို့အိမ်တွင် ခင်ပွန်းသည် ရောဘတ်သည် ယောကျ်ားသား တစ်ဦးပီပီ ပြဿနာတစ်ရပ်အဖြစ် မယူဆ သော်လည်း မိန်းမသား မာဂျိရီကမူ သားသမီးလိုချင်စောဖြင့် အရူးအမူး ခံစားခဲ့ရ။

အင်တာနက် ကျန်းမာရေး

မိခင်နှင့်ရုပ်ချင်းဆင်တူသည့် သားသမီးများ ဖြစ်ပွားသောရောဂါများ တူညီနိုင်ဟုဆို

မိခင်နှင့် ရုပ်ရည်ချင်းဆင်တူသော သားသမီးများသည် မိခင်နှင့် ရုပ်ပိုင်းဆိုင်ရာ တူညီမှုရာခိုင်နှုန်းများလေလေ မိခင်တွင်ဖြစ်ပွားတတ်သည့် စိတ်ပိုင်း၊ ရုပ်ပိုင်းရောဂါများ ခံစားရမှု အခွင့်အလမ်းများကြောင်း ဖြိတ်သွားတော်သန်ပညာရှင်များက ပြောကြားသည်။

ပို့စ်ဖြစ်ပွားနိုင်

အထူးသဖြင့် သမီးမိန်းကလေးများအနေဖြင့် မိခင်နှင့်ရုပ်ချင်းဆင်တူပါက သား ယောကျ်ားလေးများထက် မိခင်၌ရှိသောရောဂါများ ပို့စ်ဖြစ်ပွားတတ်ကြောင်း ၎င်းတို့က ပြောကြားသည်။

စောင့်ရှောက်သင့်

ထိုသို့မိခင်နှင့် ရုပ်ချင်းဆင်တူသော သမီးငယ်များကို ငယ်စဉ်ကပင် သတိပြု ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း၊ အချိန်ဖြင့် စနစ်တကျ စားသောက်ခြင်းအပြင် ကိုယ်လက်ကျန်းမာရေးကို နေ့စဉ် နာရီဝက်ခန့် ပြုလုပ်ပေးသင့်ကြောင်း ၎င်းတို့က သတိပေး ပြောကြားသည်။ ယင်းသို့ဖြစ်ရခြင်းမှာ မိခင်၏သွေးသားဖွဲ့စည်းမှုနှင့် မျိုးရိုးကို လိုက်၍ဖြစ်ကြောင်း၊ မိခင်များအနေဖြင့် ဂရုပြုထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း အကြံပြုထားသည်။

ဒီလိုလား...

ဘဝအမောပြေ

စားသောက်ဆိုင်တစ်ဆိုင်အတွင်းသို့ အမျိုးသားတစ်ဦးရောက်ရှိလာပြီး ဆိုင်အတွင်းရှိ စားသောက်နေသူ အားလုံးအား ပြောကြားလိုက်သည်။

အမျိုးသား ။ ။ စားသောက်ဆိုင်အတွင်းမှ မိတ်ဆွေများခင်ဗျား-
စားသောက်နေသူများ ။ ။ အားလုံး ပိုင်းကြည့်လိုက်ကြသည်။
အမျိုးသား ။ ။ ကြိုက်နှစ်သက်တဲ့ ဟင်းပွဲတစ်ပွဲ ကျွန်တော့်လိုပဲ မှာယူ စားသုံးနိုင်ပါတယ်။ မှာကြပါ...မှာကြပါ...
စားသောက်နေသူများ ။ ။ ဆိုင်ဆင်္ဂြိုး စားသောက်နေသူများက မိမိတို့ကြိုက်နှစ်သက်ရာ အကောင်းဆုံး ဟင်းတစ်ပွဲစီ ထပ်မှာကြသည်။
အမျိုးသား ။ ။ အားလုံး စားသုံးနိုင်ပါဦးခင်ဗျား...။
စားသောက်နေသူများ ။ ။ အားလုံးအားရပါးရ စားသုံးကြလေသည်။
အမျိုးသား ။ ။ အားလုံးစားသုံးပြီးသွားရင် ဟောဒီမှာကျွန်တော့်လိုပဲ ကျသင့်ငွေကို ကောင်တာမှာ သွားရှင်းလိုက်ကြပါဟု ပြောဆိုကာ ဆိုင်အပြင်သို့ ထွက်သွားလေတော့သည်။
စားသောက်နေကြသူများ ။ ။ 'ဟာဗျာ'

ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံ

အဝှဒါဘီ အောက်တိုဘာ ၇

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)၏ ဒူဘိုင်းမြို့တွင် စီးပွားရေး ဆိုင်ရာ အဆောက်အအုံတစ်ခု အနေဖြင့် လည်းကောင်း၊ ကမ္ဘာ့ပေါ်တွင် အမြင့်ဆုံး အဆောက်အအုံတစ်ခုအနေဖြင့်လည်းကောင်း တည်ဆောက်ရန် ဒူဘိုင်းအခြေစိုက် နာဇီးလ် စီးပွားရေးလုပ်ငန်းက စီစဉ်နေကြောင်း အောက်တိုဘာဖရက်၌ သတင်းထုတ်ပြန် သည်။

လူစည်ကားရာနေရာ

အဆိုပါ အဆောက်အအုံသည် အမြင့် တစ်ဂီဂလိုမီတာ အမြင့်ရှိပြီး မြေအကျယ် အလုံးပာက်တာ ၂၇၀ကျော်ရှိရာသည့် အပေါ်၌ တည်ဆောက်ရန် စီစဉ်ထားသည်။ ယင်း အဆောက်အအုံကို ဟဘာနှင့် တာဝါဟု အမည်ပေးထားပြီး ကမ္ဘာ့ပေါ်၌ လူစည် ကားရာနေရာ၌ တည်ဆောက်သော ပထမ ဆုံး အဆောက်အအုံလည်း ဖြစ်သည်။

သီးခြားမျှော်စင်

ထို့အပြင် ပင်မအဆောက်အအုံအတွင်း သီးခြားမျှော်စင် အဆောက်အအုံ လေးခုပါ ရှိမည် ဖြစ်သည်။ ယင်းအဆောက်အအုံ ပြီးစီးပါက လူဦး၁၀၀ နေထိုင်နိုင်သည့် နေအိမ်ခန်းများလည်းပါရှိပြီး အလုပ်အကိုင် ပေါင်းများစွာ ပေါ်ထွက်လာမည် ဖြစ်သည်။

အမ်အင်ရန်အေဆင်ဟွာ

နိုင်ငံတကာသတင်း ဓာတ်ပုံများ

တို့၊ ဗောင်ဗောင်ပြင့်သော့၊ ပြင့်ဗောင်ဗို့။ ချစ်စိုးနိုင်၊ တင်ဗာဝင်းနှင့် ဒေးဝေဆွေဆိန်း

ဘဝဒဿန

Think no vice so small that you may commit it, and no virtue so small that you may over look it.

သင်ကျူးလွန်မည့် ကောင်းမှုခစရိုက်သည် သေးငယ်လွန်းသည်ဟု မယူဆသင့်သကဲ့သို့ သင်ပြုလုပ်မည့် ကောင်းမှုသုစရိုက်ကို လည်း သေးငယ်လွန်းသည်ဟု မယူဆသင့်ပေ။ **ကွန်ဖြူးရှပ်စ် (တရုတ် အတွေးအခေါ်ပညာရှင်)**

The king's word is more than another man's oath.

အရေးပါအရာရောက်သူ ပြောဆိုလိုက်သည့်စကားသည် သာမန်လူ ကျိန်စာတွယ်ပြောဆိုသည့် စကားထက် ပို၍ခိုင်မာလေးနက်မှု ရှိသည်။ **အိမ်ရှေ့မင်းသမီး အဲလီဇာဘက် (အင်္ဂလိပ်ဘုရင်၏ သမီးတော်)**

အယ်လ်ဂျီးရီးယားဌ ရေလွှမ်းပြီး လေးရက်အကြာ
လေးလသားကလေးတစ်ဦး အသက်ရှင်လျက်ရှာဖွေတွေ့ရှိ

အယ်လ်ဂျီးယာစ် အောက်တိုဘာ ၇

အယ်လ်ဂျီးရီးယားနိုင်ငံ အလယ်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားခဲ့ပြီး လေးရက်အကြာ ရိန်းများဖုံးလွှမ်းရာ ရေကန်အထွင်းမှ လေးလသားအရွယ် ကလေးငယ်တစ်ဦးအသက်ရှင်လျက် ရှာဖွေတွေ့ရှိခဲ့ကြောင်း ဒေသတွင်း ပြောရေး ဆိုခွင့်ရှိသူများက အောက်တိုဘာ ၆ရက်တွင် ပြောကြားသည်။

ကောင်းမွန်

ယခုအချိန်အထိ အသက်ရှင်လျက်ရှိသည့် ကလေးငယ်မှာ အလွန်တရာပင် ကံကောင်းသူဖြစ်ကြောင်း ဂါဒီယာပြည်နယ် အုပ်ချုပ်ရေးမှူး ရဟီဖာဟင်က အဆိုးသား ရေဒီယိုအယ်လ်ဂျီးရီးယားသို့ ပြောကြားသည်။ ယင်းကလေးငယ်အား အောက်တိုဘာ ၅ရက်၌ ရှာဖွေတွေ့ရှိခဲ့ပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း ၎င်း၏ မိသားစုဝင်များထံသို့ ယွဲ့ပြောင်းပေးလိုက်ပို့ဖြစ်သည်။ သို့ရာတွင် ကလေးငယ်၏ မိဘနှစ်ဦးမှာ ပျောက်ဆုံးလျက်ရှိသဖြင့် အာဏာပိုင်များက ရှာဖွေလျက်ရှိသည်။

ရှာဖွေ

ဂါဒီယာပြည်နယ်ရှိ သတင်းထောက်များကမူ ယင်းကလေးငယ်အား မြင်တွေ့ခဲ့ဖူးခြင်းမရှိကြောင်း ပြောကြားသော်လည်း ပြည်နယ်အုပ်ချုပ်ရေးအမှုကမူ ကလေးငယ်၏မိသားစုဝင်များ ရှာဖွေတွေ့ရှိနိုင်ရန် တတ်ပုံများကို ဒေသတွင်း သတင်းဌာနများသို့ ပေးပို့ခဲ့သည်ဟု ပြောကြားသည်။ သို့ရာတွင် ယင်းကလေးငယ်မှာ ပောကျ်ားလေး သို့တည်းမဟုတ် မိန်းကလေးဖြစ်သည်ကို ရှင်းလင်းစွာ ဖော်ပြခဲ့ခြင်းမရှိခဲ့ပေ။

ပြောကြား

အယ်လ်ဂျီးရီးယား၌ ယခုသဘင်ပေတိုဘာတွင်း ရေလွှမ်းမှုများကြောင့် သေဆုံးသူဦးရေမှာ ၎ဝဦးရှိသွားပြီဖြစ်ကြောင်း၊ ရေလွှမ်းခံဒေသများကို အင်တိုက်အားတိုက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး သောက်သုံးရေ ဓာတ်ရှင်းဖူလျောင့် ဖြစ်ပွားတတ်သည့် ဝမ်းလျှောရောဂါ ကာကွယ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း အာဏာပိုင်အဖွဲ့က ပြောကြား သည်။

(အင်တာနက်)

တက္ကသိုလ်ဝင်စာမေးပွဲတွင် ရခိုင်ပြည်နယ်မှ ထူးချွန်စွာအောင်မြင်သူများ ဂုဏ်ပြုဆုချီးမြှင့်ပွဲ

တိုင်းမှူးဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်ဆုချီးမြှင့်ပေး

စစ်တွေ အောက်တိုဘာ ၇

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရခိုင်ပြည်နယ်မှ ထူးချွန်စွာအောင်မြင်ကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၈ရက် မွန်းလွဲ ၁နာရီက ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ထူးချွန်ဆုရ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး တိုင်းမှူးနှင့်ဝန်ကြီးတို့က အမှာစကားများ ပြောကြားကြသည်။

ဆုချီးမြှင့်

ဆက်လက်၍ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိကြသော မြို့နယ်များ၊ ကျောင်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးခဲ့ကြသည်။

၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရခိုင်ပြည်နယ်မှ ထူးချွန်ကျောင်းသား ကျောင်းသူ ၂၉၁ဦးဖြစ်ပြီး စုစုပေါင်း ဂုဏ်ပြုချီးမြှင့်ငွေမှာ ၁၉၁၇၃၀၀၀ဖြစ်ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် သက်ကြီးရွယ်အိုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၁၉၇၄-၁၉၇၈ ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒ ဘွဲ့ရကျောင်းသားများ မြတ်ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၇

၁၉၇၄-၁၉၇၈ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဓာတုဗေဒ/ကုန်ထုတ် ဓာတုဗေဒဘွဲ့ရ ကျောင်းသူ ကျောင်းသားများ၏ တတိယအကြိမ်မြောက် မြတ်ဆရာကန်တော့ပွဲနှင့် နှစ်(၃၀)ပြည့် ပုလဲရတု မိတ်ဆုံပွဲအခမ်းအနားကို ယခုနှစ် ဒီဇင်ဘာ ၁၄ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်များဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် ဦးလှသိန်း ဖုန်း-၀၉-၅၀-၁၃၄၆၉၊၂၂၄၄-၀၀၊ ၂၁၅၄၅၆၊ ဦးကျော်မိုးစိန် ဖုန်း-၀၉-၉၉-၂၅၆၀၃၊ ၆၅၀၅၇၉၊ ၂၅၀၃၄၇၊ ဦးလှမောင်ရွှေ ဖုန်း-၀၉-၅၁-၄၇၉၇၄၊ ၅၀၂၆၈၁၊ ၅၀၂၆၈၂၊ ဦးထွဋ်ထွဋ်မြ ဖုန်း-၀၉-၈၀-၂၁၃၄၀၊ ၂၉၃၃၆၆၊ ဦးအောင်သူမြိုင် ဖုန်း-၀၉-၈၀-၂၀၂၉၉၊ နွေနွေအောင် ဖုန်း-၀၉-၅၁-၁၃၂၄၃၊၂၂၅၅၀၂၊ တင်တင်ဝင်း ဖုန်း-၀၉-၉၉-၂၃၂၄၇၊ ၂၅၆၉၈၉၊ ၃၈၄၈၉၂-၃၊ မေအေးမြင့် ဖုန်း-၀၉-၁၄၆၄၄၇၊ ၆၆၀၂၆၈၊ ၆၆၃၆၇ ၃၊ သန်းသန်းနွယ် ဖုန်း-၀၉-၅၁-၂၄၁၆၀၊ ၆၆၀၅၉၂ နှင့် e-mail-hlathein@ yangon.net.mm တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၈-၁၀-၂၀၀၈ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ အဆိုပြိုင်ပွဲ
၈:၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၇။ တေးဂီတအစီအစဉ်
၈။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေး/ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၅-၂၀) (အမျိုးသား)
၉။ International News
၁၀။ အတီးပြိုင်ပွဲ

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပြိုင်ပွဲ
၄:၁၅ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ရုက္ခဗေဒအထူးပြုများ) (ဓာတုဗေဒ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၆။ သီချင်းကြီးပဒေသာ
၅:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၂၀ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၃၀ **၉။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေး/ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၅-၂၀) (အမျိုးသမီး)**
၅:၄၀ ၁၀။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၁၅ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၁၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၅။ ဆိုလိုက်ကြစို့
၁၆။ အပူပိုင်းစိမ်းလန်းစိုပြည်ရေး
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ **သုဝဏ္ဏသာမ ဇာတ်တော်ကြီးပြိုင်ပွဲ** ပထမဆု (မောင်ဉာဏ်ဝင်းနှင့်အဖွဲ့) (ရန်ကုန်တိုင်း) (ပထမပိုင်း)
၂၁။ အစီအစဉ်ပြီး၏။

● *ကျောက်ဖြူမှ*

ယင်းဓာတ်အားခွဲရုံမှ လှိုင်သာယာနှင့် ဘုရင့်နောင်ရှိ 230 KV မဟာဓာတ်အားလိုင်းသို့ ချိတ်ဆက်ထားသည်။ ၎င်းဓာတ်အားခွဲရုံမှ 66 KV အထွက်ဖီဒါများဖြစ်သည့် ရွာမဓာတ်အားလိုင်း၊ စိန်ပန်းမြိုင် ဓာတ်အားလိုင်း၊ ဆင်မလိုက် အမှတ်(၁)နှင့် အမှတ်(၂) ဓာတ်အားလိုင်းများသို့ ချိတ်ဆက်ပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိကြောင်းသိရသည်။

ကြီးပမ်းဆောင်ရွက်

ဘုရင့်နောင် ပင်မဓာတ်အားခွဲရုံ Control Room ရှိ Panel များတွင် ဓာတ်အားအဝင်အထွက်၊ လက်ခံဖြန့်ဖြူးပေးမှု၊ လှိုင်သာယာနှင့် ဘုရင့်နောင် 230 KV မဟာဓာတ်အားလိုင်းကို ချိတ်ဆက်ဓာတ်အားပို့လွှတ်မှု၊ Switch Yard ရှိ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ ချိတ်ဆက်ဓာတ်အားပို့လွှတ်နိုင်ရေး သက်ဆိုင်ရာဝန်ထမ်းများက နေ့မအားညမနား ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

လေ့လာတွေ့ရှိ

ဘုရင့်နောင်ပင်မဓာတ်အားခွဲရုံနှင့် လှိုင်သာယာပင်မဓာတ်အားခွဲရုံ ချိတ်ဆက်သွယ်တန်းထားသည့် 230 KV မဟာဓာတ်အားလိုင်းနှင့် လှိုင်သာယာပင်မဓာတ်အားခွဲရုံမှ အထွက်ဖီဒါ 33 KV ဓာတ်အားလိုင်းအခြေအနေ၊ လှိုင်သာယာ ပင်မဓာတ်အားခွဲရုံ Control Room ရှိ Panel များတွင် ဓာတ်အားအဝင်အထွက် လက်ခံရရှိမှုအခြေအနေ၊ ဆက်သွယ်ရေးကွန်ရက်ကယ်ရီယာ System အသုံးပြုဆောင်ရွက်နေမှုများကိုလည်း လေ့လာတွေ့ရှိရသည်။

ကြည့်ရှုစစ်ဆေး

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက အဆိုပါ ဓာတ်အားခွဲရုံသို့ ရောက်ရှိကာ ပင်မဓာတ်အားခွဲရုံရှိ အဝင်အထွက် ဓာတ်အားလိုင်းများ ချိတ်ဆက်ဆောင်ရွက်ထားရှိမှုနှင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးခြင်းလုပ်ငန်းများ လိုအပ်ချက်များကို မှာကြားပြီး ခွဲရုံ Switch Yard ရှိ ထရန်စဖော်မာများနှင့် ဓာတ်အားအဝင်အထွက်လိုင်းများ ချိတ်ဆက်ထားရှိမှုအခြေအနေ၊ အထွက် ဖီဒါ 33 KV ဓာတ်အားလိုင်းများဖြင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ အရှိန်အဟုန်မြင့်တင် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမှုမှာလည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

သက်ကြီးရွယ်အိုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် သက်ကြီးရွယ်အိုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးမြင့်၊ ဒေါ်ခင်သက်ဌေးနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်ကြင်မြိုင်နှင့် အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ရုပ်သိမ်း

ထို့နောက် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Daniel B.Baker က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်ကျင်းပမည်

အဆိုပါ သက်ကြီးရွယ်အိုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဆီဒိုးနားဟိုတယ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဥတုရာသီ တောကို မှီ၏

ဆွေးနွေးပို့ချ

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်၊ စာရေး၊ ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၄ရက်က အောင်ဗောဓိဓမ္မာရုံ၌ ကျင်းပရာ အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင် ဆွေးနွေးပို့ချစဉ်။ (မြို့နယ် ထွေ/အုပ်ဦးစီး)

ဆရာမြ၏ မြန်မာ-အင်္ဂလိပ် အက်ဆေးဆောင်းပါး စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၇

ဆရာမြ၏ လူကုန်ကူးမှု၊ လေယာဉ်ပြန်ပေး၊ စိတ်ကြွရူးသွပ်ဆေးနှင့် ယူရိုဘောလုံးသမိုင်းစာအုပ်အမည်ဖြင့် Myanmar English World Knowledge Book -Three ကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

ရည်ရွယ်ထုတ်ဝေ

ယင်းစာအုပ်တွင် ယနေ့ကမ္ဘာတစ်ဝန်း ဖြစ်ပွားနေသော လူကုန်ကူးမှုပြဿနာ၊ လေယာဉ်ပြန်ပေးဆွဲမှုဖြစ်ရပ်များ၊ မက်သမ်ဖက်သာမင်းခေါ် စိတ်ကြွရူးသွပ်ဆေးပြား၏ အန္တရာယ်၊ မကြာသေးမီက ပြီးစီးသွားသော ဥရောပချန်ပီယံရှစ် (ယူရို)ဘောလုံးပြိုင်ပွဲသမိုင်း အပါအဝင် မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် အက်ဆေးဆောင်းပါး စုစုပေါင်း ၁၁ပုဒ် ရေးသားထားသည်။ ကျောင်းသားလူငယ်များနှင့် အငယ်တန်းဝန်ထမ်းများ၏ စိတ်ထဲတွင် အင်္ဂလိပ်စာကို လေ့လာဆည်းပူးလိုစိတ် ဖြစ်ပေါ်လာစေရန်အတွက် ရည်ရွယ်ထုတ်ဝေခြင်းဖြစ်သည်။

စာရေးသူသည် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ရာထူးအဆင့်အသီးသီး၌ တာဝန်ထမ်းဆောင်ခဲ့ပြီး သံမှူး/ဒုတိယညွှန်ကြားရေးမှူး ရာထူးဖြင့် အစိုးရလုပ်သက်(၄၁)နှစ်တွင် သက်ပြည့် အငြိမ်းစားယူခဲ့သည်။

English For You စာစဉ်အတွဲအရ World Knowledge Book One ကို ကမ္ဘာ့ဖလားသမိုင်း၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့် ကျောင်းသားလူငယ် ကမ္ဘာ့အထွေထွေသုတ စာအုပ်အမည်ဖြင့် ၂၀၀၇ ခုနှစ် ဖွန်တွင်လည်းကောင်း၊ Book Two ကို မြတ်ဗုဒ္ဓ၊ FA ပရီမီယာလိဂ်ဘောလုံးသမိုင်းနှင့် HIV/ AIDS မဖြစ်အောင်နေပါ စာအုပ်အမည်ဖြင့် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီတွင်လည်းကောင်း ရေးသားထုတ်ဝေခဲ့သည်။

ထုတ်ဝေခဲ့

စာရေးသူသည် ၂၀၀၅ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ သံတမန်ဆက်ဆံရေးစာအုပ်ကို မြတ်ထွန်းဦးအမည်ဖြင့် ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်သည်။

ယခု စာအုပ်အပါအဝင် မြန်မာ-အင်္ဂလိပ် World Knowledge Book (1) (2) (3) စာအုပ်များကို မြတ်ထွန်းဦးစာပေမှ ထုတ်ဝေပြီး ပန်းမျိုးတစ်ရာစာပေ အမှတ်(၉) အခန်း(၂၀၃/၂၀၄) ပုဇွန်တောင်ဥယျာဉ်အိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၂၀၂၃၇၂မှ ဖြန့်ချိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၂) ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးမှုနှင့် ကျိုက်ထိုမြို့နယ်တွင် အောင်မြင်ဖြစ်ထွန်းနေသော ရွှေဘို(၁) စပါးစိုက်ခင်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၃၀ရက် နံနက် စနာရီက ကျိုက်ထိုမြို့နယ် ဝင်းကံကျေးရွာ အမှတ်(၂) ခရိုင်ချင်းဆက်လမ်းပေါ်ရှိ အရှည် ပေ၂၀၀ရှိ ကျုံမကူးချောင်းကူးဘောလီတံတားကို ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့

ထို့နောက် ယာယီရှင်းလင်းဆောင်၌ ဗိုလ်ချုပ်သာအေးအား နယ်မြေခံတပ်မဌာနချုပ်မှ တပ်မမှူး ဗိုလ်မှူးကြီးတောက်ထွန်းက အမှတ်(၂) ခရိုင်ချင်းဆက်လမ်း အရှည်၅၃မိုင်ရှိ ဝီယော်-ဝင်းကံလမ်းပိုင်း ဖောက်လုပ်ပြီးစီးမှု၊ လမ်းပိုင်းအတွင်းရှိ တံတား ၇၁စင်း အနက် ၅၉စင်း တည်ဆောက်ပြီးစီးမှု၊ တည်ဆောက်ဆဲတံတားခုနစ်စင်းနှင့် တည်ဆောက်ရန် ကျန်တံတားငါးစင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်သာအေးသည် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဝင်းကံကျေးရွာ မူလတန်းလွန်ကျောင်းအတွက် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ ကျောင်းအတွက် စာအုပ်နှင့် ခဲတံများကိုလည်းကောင်း၊ တိုင်းမှူးက ကျေးရွာအတွက် အားကစားပစ္စည်းများကို လည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။

ရွေးချယ်

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် အမှတ်(၂) ခရိုင်ချင်းဆက်လမ်း ဝီယော်-ဝင်းကံလမ်းပိုင်းရှိ ဆင်တွင်း-ဝင်းကံလမ်းပိုင်းအတိုင်း အမှတ်(၂) ခရိုင်ချင်းဆက်လမ်းဖောက်လုပ်မှုကြောင့် လမ်းဘေးဝဲယာရှိ ဒေသဖွံ့ဖြိုးမှုအခြေအနေများ၊ ရော်ဘာပင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုများနှင့် ခရိုင်ချင်းဆက်လမ်း စက်ယန္တရားများဖြင့် ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆင်တွင်း-ဝင်းကံလမ်းပိုင်းရှိ ခဝါချောင်းတံတား ဆောက်လုပ်မည့်နေရာကို တာဝန်ရှိ အင်ဂျင်နီယာ အဖွဲ့နှင့် ကြည့်ရှုရွေးချယ်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် ဆင်တွင်း-ဝင်းကံလမ်းပိုင်း အတိုင်း ပြန်လည်ထွက်ခွာကြပြီး လမ်းခရီး၌ စက်ယန္တရားများဖြင့် လမ်းမြေဖြိုခြင်း၊ မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဗိုလ်ချုပ်သာအေးက စက်ယန္တရားမောင်းအဖွဲ့အား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင် အမှတ် (၁၀၃)အနီး ကျိုက်ထိုမြို့နယ်လှည်း လမ်းကူး ကျေးရွာအုပ်စု ဘိုက္ကား ကျေးရွာရှိ ဦးဝမ်စိန်၏ ရော်ဘာခြံကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် ရော်ဘာပင်စိုက်ပျိုးသူများနှင့်တွေ့ဆုံပြီး အဆင့်မြင့် ရော်ဘာပြား ထုတ်လုပ်ရေးနှင့် ရော်ဘာတိုးချဲ့စိုက်ပျိုးရေးအတွက် လိုအပ်ချက်များ ညှိနှိုင်းပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် မိုင်တိုင်အမှတ် (၁၀၆/၂)အနီးရှိ ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာရှိ မိုးစပါး နည်းပညာ စံပြစိုက်ခင်းသို့ရောက်ရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ရွှေဘို(၁)စပါး စိုက်ခင်းကိုလည်းကောင်း(**ဝဲပုံ**)၊ စပါးမျိုးယှဉ်ပြိုင် စမ်းသပ်ကွက်၌အရည်အသွေးကောင်း၊ရာသီစပါးငါးမျိုး၊သက်လတ်စပါးငါးမျိုးနှင့် သက်လျင်စပါးငါးမျိုး ယှဉ်ပြိုင်စမ်းသပ် စိုက်ပျိုးထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ဘီးလင်းမြို့နယ် အဝင်းကြီး ကျေးရွာအနီးရှိ မက်စ်မြန်မာကုမ္ပဏီလီမိတက်၏ ရွှေရောင်ပြရော်ဘာဧက ၅၀၀၀ စိုက်ပျိုးရေး စီမံကိန်း၏ ရော်ဘာစိုက်ခင်း၌ အသုံးပြုသည့် မြေသြဇာအမျိုးအစားများ၊ အသုံးပြုသည့် မြေသြဇာများနှင့် ရောစပ်ပြီး မြေသြဇာများ လက်တွေ့အသုံးချမှုကိုလည်းကောင်း၊ ရော်ဘာ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှုရပ်မှလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗိုလ်ချုပ်သာအေးအား အမှတ်(၂)ခရိုင်ချင်းဆက်လမ်း ကြာပန်း-ဝီယော်အပိုင်း ညာဝဝယ် ကျေးရွာအနီး ယာယီရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာဦးမြင့်ဆွေက ကြာပန်း-ဝီယော်လမ်းပိုင်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အမှတ်(၂) ခရိုင်ချင်းဆက်လမ်း ပေါင်မြို့နယ်နှင့် သထုံမြို့နယ်အပိုင်းရှိ ဈေးမသွယ် အထက်ကျေးရွာအနီးယာယီရှင်းလင်းဆောင်၌ စည်ပင်သာယာရေးဦးစီးဌာန မွန်ပြည်နယ် အင်ဂျင်နီယာမှူး ဦးကိုကြီးက လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပေါင်မြို့နယ် သဲအိမ်ကျေးရွာရှိ ယာယီရှင်းလင်းဆောင်၌ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း ပေါင်မြို့နယ် အင်ဂျင်နီယာ ဦးကျော်စိုးမိုးက အလျား ၁၂၇ပေ၊ အနံ ပေ၁၀၀နှင့် အမြင့် ၁၂ပေရှိ အာရံစီ၊ သွပ်မိုး၊ တစ်ထပ်တဲအိမ် တိုက်နယ်ဆေးရုံ တည်ဆောက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် အမှတ်(၂) ခရိုင်ချင်းဆက်လမ်းအတိုင်းဆက်လက်ထွက်ခွာလာကြရာ ညပိုင်းတွင် မော်လမြိုင်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း တက်ရောက်ဆုချီးမြှင့်

မြစ်ကြီးနား အောက်တိုဘာ ၇

ကချင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန၏ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက် နံနက် ၉နာရီက မြစ်ကြီးနားမြို့မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်စိုးဝင်းက အမှာစကားပြောကြားသည်။ ထို့နောက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ဝင်းက မြန်မာနိုင်ငံ၏ ကျန်းမာရေး အာဟာရပြဿနာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အာဟာရရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တိုင်းမှူးဗိုလ်မှူးချုပ်စိုးဝင်း(**ဝဲပုံ**) တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွယ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ပြီး ကလေးငယ်များအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားများပေးဝေခြင်းနှင့် အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးခြင်းများကို ဆောင်ရွက်ကြပြီး ခန်းမအတွင်းခင်းကျင်း ပြသထားသည့် အာဟာရအုပ်စုဝင် အစားအစာများ ပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

IBTC နှင့် ကုမ္ပဏီစုမှထုတ်လုပ်သော ကုန်ပစ္စည်းနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲ

ရန်ကုန် အောက်တိုဘာ ၇

IBTCနှင့် ကုမ္ပဏီစုမှထုတ်လုပ်သော Grand Royal ကုန်ပစ္စည်းနှင့် ပတ်သက်၍ စားသုံးသူကံစမ်းမဲ စာနယ်ဇင်းရှင်းလင်းပွဲကို ယမန်နေ့ မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် International Beverages Trading Co.,Ltd. ၏ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော် (**ယာပုံ**)က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စားသုံးသူ ကံစမ်းမဲအစီအစဉ်နှင့်ပတ်သက်၍ Brand Manager ဦးမျိုးရာဇာက အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများအား ကံစမ်းမဲများဖွင့်ပေးသည်။

လဲလှယ်ပေးမည်

စားသုံးသူ ကံစမ်းမဲအစီအစဉ်သည် ကံစမ်းမဲကာလတွင် ထုတ်လုပ်ဖြန့်ချိသော Grand Royal ကုန်ပစ္စည်း၏ အဖုံးတွင် နံပါတ်များရိုက်နှိပ်ထားပြီး ချက်ချင်းပေါက်ကံစမ်းမဲနှင့် အဖုံးနှစ်ခု(သို့မဟုတ်) သုံးခု တွဲဖက်၍ရရှိနိုင်သည့် ကဲစမ်းမဲဟူ၍ ဆုငွေများကို သတ်မှတ်ထားသည်။ ကံစမ်းကာလမှာ အောက်တိုဘာ ၈ရက်မှဒီဇင်ဘာ ၈ ရက်အထိဖြစ်ပြီး ပေါက်မဲများကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၃၁ရက်အထိလဲလှယ်ပေးသွားမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်း

ကံစမ်းမဲအစီအစဉ်နှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဦးမျိုးရာဇာ Brand Manager(IBTC)အမှတ်(၁၈)ပြည်လမ်း ၇မိုင် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၆၆၂၅၁၂၊ ၆၆၇၆၀၃၊ ၆၅၂၃၇၀၊ ၆၅၁၇၆၂တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သက်ကြီးဘိုးဘွားများ ပူဇော်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၇

ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်းကျင်းပသော ဗဟန်းမြို့နယ် ၂၂ရပ်ကွက် အတွင်းရှိ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို အောက်တိုဘာ ၃ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်နှင့်အဖွဲ့ဝင်များ၊ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဖွင့်လှစ်သည်။ ထို့နောက် ၂၂ ရပ်ကွက်အတွင်းရှိ သက်ကြီးဘိုးဘွား ၃၃ ဦးအား တစ်ဦးလျှင်ငွေကျပ် ၅၀၀၀ဖြင့် စုစုပေါင်းငွေကျပ် ၁၆၅၀၀၀ကို ပေးအပ်လှူဒါန်းသည်။(**အပေါ်ပုံ**)

ဆက်လက်၍ သက်ကြီးဘိုးဘွားများ၏ ကျန်းမာရေးအတွက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ဒေါက်တာမီမီလှိုင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးအေးမြင့်နှင့်အဖွဲ့က ဘိုးဘွားများအား ကျန်းမာရေး စစ်ဆေးခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ ကုသပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အုတ်တွင်း အထက အာစရိယပူဇော်ပွဲ

အုတ်တွင်း အောက်တိုဘာ ၇

အုတ်တွင်း အထက ကျောင်းသားဟောင်းများမှ နှစ် (၅၀)ပြည့် ရွှေရတုပွဲတော်နှင့် အာစရိယပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာလတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားသည်။ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်နိုင်ရန်နှင့် လှူဒါန်းလိုသူများသည် ဦကျော်ဝင်း (ငြိမ်း)ကျောင်းအုပ်ဆရာကြီး ဖုန်း-၀၉-၅၃-၅၂၄၆၃နှင့် အောင်ကဒီး ပဲခူးလမ်းရပ်ကွက် အုတ်တွင်းမြို့ ဖုန်း-၀၅၄-၂၅၁၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အဆောက်အအုံ၊ စာအုပ်၊ စာစောင်နှင့် အလှူငွေပေးအပ်ပွဲ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၇

နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် အဆောက်အအုံ၊ စာအုပ်၊ စာစောင်နှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီတွင် နေပြည်တော်ပျဉ်းမနားမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမဥ္ဇကျင်းပရာ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းထံ နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အတွက် အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်စဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေထံ နေပြည်တော် ပျဉ်းမနား ခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် များအတွက် အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်ထံ နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့် တိုက်များအတွက် အဆောက်အအုံ၊ စာအုပ်၊ စာစောင်နှင့် အလှူငွေ ပေးအပ်ပွဲအခမ်းအနားတွင် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားသည်။

ထို့နောက် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အဆောက်အအုံ၊ စာအုပ်၊ စာစောင်နှင့် အလှူငွေများကိုပေးအပ်ကြရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးကိုယ်စား နေပြည်တော်တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေအောင်က နေပြည်တော် တပ်ကုန်းမြို့နယ် မကျီးပင် ကျေးရွာအတွက် ငွေကျပ် ၂၁သိန်းတန်ဖိုးရှိ အဆောက်အအုံနှင့် ဆင်သေကျေးရွာအတွက် ငွေကျပ် သိန်း ၅၀ တန်ဖိုးရှိ စာကြည့်တိုက်အဆောက်အအုံ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီကိုယ်စား နေပြည်တော် ပျဉ်းမနားမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းဋ္ဌေးက နေပြည်တော် ပျဉ်းမနားမြို့နယ် ရွှေနံ့သာရပ်ကွက်အတွက် ငွေကျပ်သိန်း၆၀တန်ဖိုးရှိ စာကြည့်တိုက်အဆောက်အအုံနှင့်သော်တာဝင်းကုမ္ပဏီက နေပြည်တော်ပျဉ်းမနားမြို့နယ် ငကောင်းကံအုပ်စု ဇီးကုန်းကျေးရွာအတွက် ငွေကျပ်သိန်း၆၀ တန်ဖိုးရှိ စာကြည့်တိုက် အဆောက်အအုံတို့ကို ပေးအပ်လှူဒါန်းကြရာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆောက်အအုံလှူဒါန်း

ဆက်လက်၍ဦးဝင်းလှ-ဒေါ်သန္တာခိုင်တို့က နေပြည်တော်ပျဉ်းမနားမြို့နယ် သစ်တပ်အုပ်စု ရှားစေးဖိုကျေးရွာအတွက် ငွေကျပ်သိန်း၃၀ တန်ဖိုးရှိ စာကြည့်တိုက်အဆောက်အအုံ၊ တဲမြင့်ကျေးရွာပြည်သူများက နေပြည်တော် တပ်ကုန်းမြို့နယ်တဲမြင့်ကျေးရွာအတွက် ငွေကျပ် သိန်း၇၀တန်ဖိုးရှိ စာကြည့်တိုက်အဆောက်အအုံ၊တောင်ညိုကျေးရွာပြည်သူများက နေပြည်တော်ပျဉ်းမနား မြို့နယ် တောင်ညိုကျေးရွာအတွက် ငွေကျပ် ၁၈သိန်းတန်ဖိုးရှိ စာကြည့်တိုက်အဆောက်အအုံနှင့် ဦးစိုးတင့်-ဒေါ်ယဉ်နု(စိုးလှျပ်စစ်)က နေပြည်တော်ပျဉ်းမနားမြို့နယ်ကျောက်ချက်ကျေးရွာနှင့် သရက်ကုန်းကျေးရွာတို့သို့ ငွေကျပ်သိန်း ၄၀တန်ဖိုးရှိ စာကြည့်တိုက် အဆောက်အအုံတို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြန်ကပြေးကျေးရွာပြည်သူများက နေပြည်တော်ပျဉ်းမနား မြို့နယ် ပြန်ကပြေးအုပ်စု သာယာကုန်းကျေးရွာ စာကြည့်တိုက်အတွက် ငွေကျပ်၁၁သိန်း၊ နေပြည်တော် ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်က နေပြည်တော် ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာ၊ နေပြည်တော်လယ်ဝေးမြို့နယ် ပတ္တာကျေးရွာနှင့် နေပြည်တော်တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာတို့ရှိ စာကြည့်တိုက် အဆောက်အအုံများအတွက် မတည်ငွေကျပ်သိန်း ၃၀ နှင့် ကင်ပွန်းတန်း ကျေးရွာပြည်သူများက နေပြည်တော် ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာ စာကြည့်တိုက်အတွက် ငွေကျပ်၁၀သိန်းတို့ကိုပေးအပ်လှူဒါန်းကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ဆက်လက်၍ ပတ္တာကျေးရွာပြည်သူများက နေပြည်တော်လယ်ဝေး မြို့နယ် ပတ္တာကျေးရွာစာကြည့်တိုက် အဆောက်အအုံအတွက် ငွေကျပ် ၁၀ သိန်း၊ သပြေချောင်းကျေးရွာပြည်သူများက နေပြည်တော် တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာ စာကြည့်တိုက် အဆောက်အအုံအတွက် ငွေကျပ် ၁၀ သိန်း၊ ဆင်သေကျေးရွာပြည်သူများက နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေကျေးရွာ စာကြည့်တိုက် အဆောက်အအုံအတွက် ငွေကျပ် ၁၀ သိန်းနှင့် ဦးအုန်းရွှေ-ဒေါ်နီလာမိသားစု (Main ဘက်ထရီလုပ်ငန်း) က နေပြည်တော် ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာ စာကြည့်တိုက် အဆောက်အအုံအတွက်ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဦးသိန်းထွေး-ဒေါ်မြစန်းလှ(နန်းစိန်မုန့်တိုက်)က နေပြည်တော် ပျဉ်းမနားမြို့နယ် ပြန်ကပြေးကျေးရွာအုပ်စု သာယာကုန်းကျေးရွာ စာကြည့်တိုက် အဆောက်အအုံအတွက် မတည်ငွေကျပ် ၁၁သိန်း၊ ပြူတွင်းကျေးရွာပြည်သူများက နေပြည်တော် ပျဉ်းမနားမြို့နယ် ပြူတွင်းကျေးရွာ စာကြည့်တိုက် အဆောက်အအုံအတွက် ငွေကျပ် ၁၀သိန်း၊ ဦးစံတင်အောင် (ရွှေဘို)ကနေပြည်တော်ပျဉ်းမနားခရိုင် အတွင်းရှိ စာကြည့်တိုက်များအတွက် ငွေကျပ် ၁၅၃၀၀၀၀တန်ဖိုးရှိ စာအုပ် ပေါင်း ၉၉၀ နှင့် ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ နေပြည်တော် ပျဉ်းမနားခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

လှူဒါန်းမှု

နေပြည်တော် ပျဉ်းမနားခရိုင် အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စေတနာရှင် ပြည်သူများကလှူဒါန်းသည့် လှူဒါန်းမှု ပမာဏမှာ ငွေကျပ် ၄၅၆သိန်းတန်ဖိုးရှိ စာကြည့်တိုက်အဆောက်အအုံ ၁၃လုံး၊ ငွေကျပ် ၁၅၃၀၀၀၀တန်ဖိုးရှိ စာအုပ် ပေါင်း ၉၉၀နှင့် ငွေသားကျပ် ငါးသိန်း အပါအဝင် စုစုပေါင်း လှူဒါန်းမှုမှာ ငွေကျပ်၄၇၆၃၀၀၀၀ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်မှုခင်း

မှန်ကန်သော အဖြေရှာခြင်းပေလော

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့လယ်ရှိ ပေါ်တာရန့်ချ်ဒေသ ဆန်ဖာနန်ဒိုဗယ်လီအရပ်၌ နေထိုင်သော မိသားစုအတွင်း အောက်တိုဘာ ၆ရက် ဒေသစံတော်ချိန် နံနက်၇နာရီက လွမ်းမောကြေကွဲဖွယ်ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။

ထိုမိသားစုမှာ အိမ်ထောင်ဦးစီးဖြစ်သူ ကာသစ်ခ်ရာဂျာရမ်အမည်ရှိ မဟာဘွဲ့ရအမျိုးသားနှင့် ၎င်း၏ ဇနီး၊ ယောက္ခမအမျိုးသမီးကြီးနှင့် သား သုံးဦးတို့ဖြစ်ကြသည်။ ရာဂျာရမ်သည် တစ်ချိန်က ပရိုက်စ်ဝပ်တား ဟောက်စ်ကော်ပိုရေးရှင်းအမည်ရှိ စာရင်းအင်းကုမ္ပဏီနှင့် ဆိုနီကုမ္ပဏီ တို့တွင် အလုပ်လုပ်ကိုင်ခဲ့ဖူးသည်။

မိုက်မိုက်မဲမဲကြံစည်

ကံမကောင်း အကြောင်းမလှစွာပင် လွန်ခဲ့သည့်နှစ်ကတည်းက ရာဂျာရမ်သည် လပေါင်းများစွာ အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။ ထို့ကြောင့် ၎င်းအနေဖြင့် မိသားစုကို ဦးစီးနေရသူဖြစ်သည့်အလျောက် မိသားစုအတွင်း၌ ငွေရေးကြေးရေး ပြတ်လပ်မှုပြဿနာနှင့် ကြုံဆုံခဲ့ရသည်ဟု ဆိုသည်။ ယခင်က အလုပ်အကိုင် အဆင်ပြေစွာနှင့် ငွေကြေးပြည့်စုံစွာ နေထိုင်ပြီး မိသားစုဘဝကို သာယာစိုပြည်စွာ တည်ဆောက်နိုင်ခဲ့သော ရာဂျာရမ်မှာ အလုပ်လက်မဲ့ဖြစ်ပြီး ငွေကြေးအကျပ်အတည်းဖြစ်မှုကို သည်းမခံနိုင်တော့သည့်အဆုံး ကြားရသူအပေါင်းအား တုန်လှုပ်ချောက်ချား ကြေကွဲဝမ်းနည်းစေခဲ့သည့်ဖြစ်ရပ်မျိုးကို မိုက်မိုက်မဲမဲ ကြံစည်တော့သည်။

အသက်ဝိညာဉ်ကင်းမဲ့

ယခုနှစ် အောက်တိုဘာလ ၆ရက် ဒေသစံတော်ချိန် နံနက် ၇နာရီတွင် ရာဂျာရမ်သည် စိတ်ဖိစီးမွန်းကျပ်မှုကို မခံစားနိုင်တော့သည့်အဆုံး ၎င်းနေထိုင်ရာတိုက်ခန်းရှိ ခုတင်များပေါ်တွင် အိပ်မောကျနေသောဇနီး၊ ဇနီး၏ အမေ(ယောက္ခမ)နှင့် သားသုံးဦးတို့အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ကာ ၎င်းကိုင်ဆောင်ထားသောသေနတ်ဖြင့် ၎င်းကိုယ်၎င်း အဆုံးစီရင်ခဲ့သည်။ ဒေသခံ အိမ်နီးနားချင်းများ၏ အကြောင်းကြားချက်အရ ရဲအဖွဲ့က ရောက်ရှိသွားသောအခါတွင် ရာဂျာရမ်၏ လက်ထဲတွင် သေနတ်ကိုင်ဆောင်လျက် မိသားစုဝင်အားလုံး အသက်ဝိညာဉ် ကင်းမဲ့လျက်သား တွေ့ရသည်ဟု ဆိုသည်။ ရာဂျာရမ်၏လုပ်ရပ်မှာ မှန်ကန်သောအဖြေရှာခြင်း ဟုတ် မဟုတ် ကိုမူ စဉ်းစားဖွယ်ပဟေဠိတစ်ရပ်ပင်ဖြစ်တော့သည်။ ။

ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၇

'အစားမတော်တစ်လုတ်' အကြောင်းနှင့် ပတ်သက်၍ စားသုံးသူတွေ အန္တရာယ်ကင်းဖို့အတွက် စားသုံးကုန်တွေရဲ့ အရည်အသွေးက အရေးကြီးလာမှုအပေါ် ဆရာဝန်ကြီးများ၊ ပညာရှင်များ၏ သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၃၉) ထွက်ရှိလာသည်။

ယင်းအပြင် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် မောင်တော၌ ရေထွက်ပုစွန်လေလံဈေးကွက် မကြာမီဖွင့်မည်၊ မန္တလေးစီးတီးအက်ဖ်အမ် ရန်ကုန်တွင်နားဆင်နိုင်ပြီ၊ အာရှဒေသတွင်းနိုင်ငံများနှင့် မြန်မာအင်ဂျင်နီယာများ အရည်အသွေးပိုင်းဆိုင်ရာ တစ်ပြေးညီသတ်မှတ်နိုင်ရေး ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးစစ်ဆေး တည်းဖြတ်သောအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မည်၊ မြန်မာ့ငှက်မျိုးစိတ်သုံးမျိုးတွေ့ရှိရန် ဘာကြောင့်ခက်ခဲ၊ ဂျပန်နှင့် ပူးပေါင်း၍ စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ ဖွံ့ဖြိုးရေးစင်တာများ တည်ထောင်မည်၊ မြန်မာ-ကိုရီးယားနှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်ရေး မြှင့်တင်မှုအကြောင်း၊ သံနှင့် သံမဏိများ နိုင်ငံတကာအဆင့်မီထုတ်လုပ်နိုင်ရန် မြောင်းတကာတွင် စက်ရုံသစ်တည်ထောင်မည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **"သီတင်းကျွတ်ကာလ"** အကြောင်း စသည့် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာသတင်းများပါရှိသည်။

ခန္ဓာကိုယ်မှ ဝိညာဉ်ထွက်သည်ဟူသည့်ဖြစ်ရပ်များ အမှန်တကယ်ဟုတ်၊ မဟုတ် သိပ္ပံပညာရှင်များ လေ့လာမည်၊ ဗီယက်နမ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန်ဖိုး တိုးပွားလာ၊ အာရှတွင် လစ်ပ်တန်တံဆိပ် နို့လက်ဖက်ရည် ပြန်လည်သိမ်းဆည်း၊ သက်ဆင်၏ နိုင်ငံကူးလက်မှတ်ကိစ္စ ဝန်ကြီးချုပ်သစ် ဆွန်မ်ချိုင်းဆုံးဖြတ်မည်ဟုဆို၊ နို့မှုန့်တွင် မယ်လမင်း ထည့်သွင်းရောင်းချမှုဖြင့် နိုင်ငံမြောက်ပိုင်းရှိ ရဲတပ်ဖွဲ့က လူ၂၂ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း တရုတ်နိုင်ငံပိုင် မီဒီယာကဖော်ပြ၊ ကလေးငယ်များ မိုဘိုင်းလ်ဖုန်း အသုံးမပြုသင့်သည့်အကြောင်းအချက်များ၊ **"တစ္ဆေမျက်နှာဖုံးစွပ် လူသတ်သမားအကြောင်း"** မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ **"ပြောရဦးမယ် သူတို့က ဒီလိုတဲ့"** ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေး၊ နည်းပညာကဏ္ဍစုံလင်စွာ ပါရှိသည်။ **(သတင်းစဉ်)**

ရွှေကျင်မြို့နယ်၌ သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦးဒဏ်ရာရရှိ

နေပြည်တော် အောက်တိုဘာ ၇

ပဲခူးတိုင်း ရွှေကျင်မြို့နယ် ပဒဲကောကျေးရွာနေ ဦးစောအယ်ဆေးသည် အောက်တိုဘာ၄ရက် ညနေ ၄နာရီတွင် ရွှေကျင်ရန်အတွက် သရက်ချောင်းဖျားဒေသ သဲချောင်းအနီးအရောက်တွင် သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် ဝဲဘက်ခြေချင်းဝတ်အောက်ပိုင်း မိုင်းစထိမှန်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ကြောင်း၊ ဦးစောအယ်ဆေးအား ရွှေကျင်မြို့ ခုတင်(၁၀၀)ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပမည့်နေရာများ တိုင်းမှူးဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၇

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်နှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်တို့သည် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ယနေ့ညနေ၃နာရီတွင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲများ ကျင်းပမည့် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရွှေရတုခန်းမ၊ သစ်တောသုတေသနစုဝေးခန်းမ၊ စိုက်ပျိုးရေးတက္ကသိုလ်စုဝေးခန်းမ၊ စာသင်ခန်းမနှင့် ဘွဲ့နှင်းသဘင်ခန်းမ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၊ အမှတ်(၇)တည်းခိုရေးစခန်းရှိ သင်တန်းခန်းမတို့၌ ပြိုင်ပွဲများကျင်းပနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

(အောက်ပုံ)

လှည့်လည်ကြည့်ရှု

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ဝေလွင်နှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ လေ့လာရေးအဖွဲ့ဝင်များ၊ တည်းခိုမည့် အမှတ်(၇)တည်းခိုရေးစခန်းရှိ တည်းခိုဆောင်များ၊ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် စားရိပ်သာများ၊ ချက်ပြုတ်ဆောင်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

နေပြည်တော် ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၇

နေပြည်တော် ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ကန်တော်ကြီးငါးပြတိုက်ဝင်းအတွင်းရှိ (DOLPHIN) လင်းပိုင်စားသောက်ဆိုင်ခန်းမ၌ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်နိုင်

နေပြည်တော် ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်) အသင်းဝင်များ၏ သားသမီးများမှ ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်စာမေးပွဲတွင် ၇ဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများသည် အောက်တိုဘာ ၁၇ရက်နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးအေးလွင် ဖုန်း-၅၄၉၆၉၁၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးထွန်းအောင်ဇံ ဖုန်း-၂၉၂၀၈၆၊ ဦးစောထွန်းခိုင် ဖုန်း-၅၃၅၁၉၃၊ ဦးတင်ကိုကို ဖုန်း-၅၄၉၈၃၆၊ အတွင်းရေးမှူး ပျဉ်းမနားမြင့်လှိုင် ဖုန်း-၅၅၂၀၀၄နှင့် ဘဏ္ဍာရေးမှူး ဒေါ်ခင်နွယ်အေး ဖုန်း-၅၂၇၄၄၀ တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် အသင်းမဝင်ရသေးသူများလည်း တက်ရောက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မူးယစ်ကင်းစင် အလှဆင်

မြန်မာ့အလင်း

မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ မိုးရွာနိုင်

ရန်ကုန် အောက်တိုဘာ ၇

အောက်တိုဘာ၇ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်ကိုဖော်ပြရပါလျှင် မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကွက်ကျား မိုးရွာခဲ့သည်။ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင်နေရာကျဲကျဲ မိုးရွာခဲ့ပြီး ကျန်ဒေသများ၌ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာခဲ့သည်။

အောက်တိုဘာ ၇ ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

လွိုင်လင်	၂ ဒသမ ၇၆	လက်မ
မိတ္တီလာ	၀ ဒသမ ၉၀	လက်မ
ပဲခူး	၀ ဒသမ ၇၉	လက်မ

အောက်တိုဘာ ၈ ရက် (ယနေ့) ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုကို ခန့်မှန်းရပါက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

မိုးထစ်ချုန်း

အောက်တိုဘာ၈ရက် (ယနေ့) နေပြည်တော်နှင့် ရန်ကုန်မြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ထုတ်ပြန်ချက်

* ကျောဖုံးမှ

ပေါင်းစပ်ထုတ်လုပ်ပေး

စက်ရုံအတွင်း ရန်ကုန်ဂျစ် မော်တော်ယာဉ်ထုတ်လုပ်ရေးမှအုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်ထွန်း(ခ) ဦးငယ်လေးနှင့် တွေ့ဆုံခဲ့ရာ **ရန်ကုန်ဂျစ် မော်တော်ယာဉ်ထုတ်လုပ်ရေး စက်ရုံကို ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ပြည်ပသွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှုအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ နိုင်ငံတော်က သတ်မှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းတွေကိုအမြဲလိုက်နာဆောင်ရွက်ပြီးသတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေအတိုင်း ပေါင်းစပ်ထုတ်လုပ်ပေးနေတဲ့ စက်ရုံလည်း ဖြစ်ပါတယ်**ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ရည်မှန်း

ရန်ကုန်ဂျစ် မော်တော်ယာဉ်ကို ရန်ကုန်မြို့တွင်သာမက မြန်မာနိုင်ငံတစ်ဝန်း မြို့များ၌လည်း သုံးစွဲသူတဖြည်းဖြည်း များပြားလာရာ ရန်ကုန်ဂျစ်မော်တော်ယာဉ်ထုတ်လုပ်ရေးသာမက ကုန်တင်ယာဉ်ကြီးများ၊ ကုန်တင်ယာဉ်ငယ်များနှင့် လူအများတင်ဆောင်နိုင်သောဘတ်စ်ကားကြီးများနှင့်ကားငယ်များကိုပါဆက်လက်ထုတ်လုပ်သွားရန် ရည်မှန်းလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းမှာ သုံးစွဲသူတွေအတွက် အလွန်သေသပ်လှပတဲ့ ထုတ်လုပ်မှုတွေနဲ့ ခေတ်မီနည်းပညာတွေ ပေါင်းစပ်ပြီး ကျွမ်းကျင်တဲ့ ပြည်တွင်းပညာရှင်တွေ၊ ဝန်ထမ်းတွေက အရည်အသွေးမြင့်မားတဲ့ မော်တော်ယာဉ်တွေကိုသာထုတ်လုပ်နေပါတယ်။ ဒါကလည်း ရန်ကုန်ဂျစ် မော်တော်ယာဉ်ကိုစီးတဲ့ လူတွေအဆင့်အတန်းမြင့်မြင့် စီးစေချင်တဲ့ စေတနာနဲ့ပါ။ နောက်ပြီး တန်ဖိုးကြီးမားတဲ့ ပြည်ပက မော်တော်ယာဉ်တွေ ဝယ်ယူသုံးစွဲမှုကို အစားထိုးစေနိုင်တာမို့ နိုင်ငံခြားငွေ သုံးစွဲမှုလည်း လျော့ကျသွားစေနိုင်ပါတယ် ဟု ဦးမြင့်ထွန်း (ခ) ဦးငယ်လေးက ဆက်လက်ရှင်းပြသည်။

အစီး၄၀

ရန်ကုန်ဂျစ် မော်တော်ယာဉ်ကို ၂၀၀၅-၂၀၀၆ခုနှစ်တွင် စမ်းသပ်ထုတ်လုပ်မှုအဖြစ် ၁၀စီး ထုတ်လုပ်ခဲ့ပြီး ဝယ်ယူသုံးစွဲသူများ ကြိုက်နှစ်သက်သဖြင့် ၂၀၀၆-၂၀၀၇ခုနှစ်တွင် အစီး၄၀ ထုတ်လုပ်ခဲ့ပြီး ၂၀၀၇-၂၀၀၈ခုနှစ်တွင် အစီး၂၀၀အထိ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယခု ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်ဂျစ် မော်တော်ယာဉ် အစီးရေ တိုးမြှင့်ထုတ်လုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထို့နောက် ရန်ကုန်ဂျစ်မော်တော်ယာဉ်ထုတ်လုပ်ရေး စက်ရုံအတွင်း လိုက်လံလေ့လာ ကြည့်ရှုရာတွင် လုံခြုံရေးကို အဓိကထားပြီး သန့်ရှင်းသပ်ရပ်သော စက်ရုံအဖြစ် မြင်တွေ့ရသည်။ ပုံဆွဲခြင်းနှင့် တိုင်းတာခြင်းလုပ်ငန်း၊ ပရက်နင်းခြင်းလုပ်ငန်း၊ စက်များဖြင့် အပေါက်ဖောက်ခြင်း၊ အချောသပ်ခြင်း၊ ဖရိန်တပ်ဆင်ထုတ်လုပ်ခြင်း၊ ဘော်ဒီအစိတ်အပိုင်းများ တပ်ဆင်ခြင်းများကို စနစ်တကျ ပြုလုပ်နေကြသည်ကိုလည်း တွေ့မြင်ရသည်။

ကာကွယ်ပေးနိုင်

ကားဘော်ဒီကို SAND BLAST နည်း အသုံးပြုခြင်းဖြင့် ကားဘော်ဒီတွင် ဆေးစွဲမှု ကြာရှည်ခံခြင်း၊ ဘော်ဒီသက်တမ်း ပိုရှည်စွာ ခံနိုင်မှုအပြင် သံချေးတက်မှုမှလည်း ကာကွယ်ပေးနိုင်ကြောင်း သိရသည်။ SAND BLAST နည်းပညာကို မြန်မာနိုင်ငံ၌ ပထမဆုံးအဖြစ် ရန်ကုန်ဂျစ်မော်တော်ယာဉ်က သုံးစွဲနေခြင်းဖြစ်သည်။ ကားဆေးအရောင်ကိုလည်း ဝယ်သူစိတ်ကြိုက်မှာကြားသည့်အတိုင်း လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဝယ်သူများအတွက် အဆင်ပြေစေမည်ဖြစ်သည်။

သက်သောင့်သက်သာ

ရန်ကုန်ဂျစ်မော်တော်ယာဉ်များ ဟာ အတက်အဆင်း လွယ်ကူပြီး မိသားစုခြောက်ဦး သက်သောင့်သက်သာ ခရီးထွက် စီးနင်းနိုင်ပါတယ်။ အသုံးပြုထားတဲ့ အောက်ပိုင်း စနစ် မှန်ကန်ကောင်းမွန်တာမို့ ခရီးသွားလာရာမှာငြိမ့်ညောင်းမှုရှိတဲ့အပြင် တစ်နာရီ ကီလိုမီတာ ၉၀နဲ့၁၀၀နှုန်း မောင်းနှင် နိုင်ပါတယ်။ ဒါ့အပြင် စက်သုံးဆီတစ်ဂါလန်ကို ၃၅ကီလိုမီတာအထိ လေအေးစက်ပါ အသုံးပြုမောင်းနှင်နိုင်တာမို့ ပြည်ပက တင်သွင်းတဲ့ မော်တော်ယာဉ်တွေလို ဝယ်သူစိတ်ဆန္ဒကို အပြည့်အဝ ပေးစွမ်းနိုင်အောင် ထုတ်လုပ်ထားပါတယ် ဟု ဦးမြင့်ထွန်း(ခ) ဦးငယ်လေးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ရန်ကုန်ဂျစ် မော်တော်ယာဉ်တွင် တပ်ဆင်ထားသောပစ္စည်းများမှာ 3C Turbo အင်ဂျင်နှင့် ဂီယာ၊ ပါဝါစတီယာရင်၊ ပါဝါဝင်းဒိုးနှင့် လေအေးစက်၊ အလွိုင်းတာယာအသစ် ငါးလုံး၊ ရှေ့အောက်ပိုင်း စနစ် အနေဖြင့် တိုးရှင်း၊ လိပ်ပြာတောင် စီတီယာတိုင်ဂန်း၊ နောက်လေးဘေးဆွဲ စနစ်အဖြစ် နောက်အိတ်ဇယ်တန်း ဖရိန်အထူ အသုံးပြုထားပြီး ဘော်ဒီပိုင်းဆိုင်ရာတွင် ၈၀ရာခိုင်နှုန်းမှာ စက်ဖြင့် အလိုအလျောက် နင်းပြီး ပုံစံဖော်ထားမှု၊ သပ်ရပ်လှပသော အတွင်းခန်းအပြင်အဆင်၊ မှန်အားလုံးမှာ သော့ခတ်၍ရပြီး လုံခြုံစိတ်ချရသော မှန်လုံ ပုံစံတို့ဖြင့် တပ်ဆင် ထုတ်လုပ်ထားသည်ကို တွေ့ရသည်။

စံချိန်စံညွှန်း

ထို့ကြောင့်ရန်ကုန်ဂျစ်မော်တော်ယာဉ်သည် မြန်မာ့စက်မှု လက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ထားသော စံချိန်စံညွှန်းအတိုင်း မြင့်မားသည့်အရည်အသွေး၊ လှပသည့်ဒီဇိုင်း၊ သင့်တင့်သည့် ဈေးနှုန်းတို့ဖြင့် ပြည်ပသွင်းကုန် အစားထိုး ကုန်ထုတ်လုပ်ငန်းမော်တော်ယာဉ် ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

"အရည်အသွေးမြင့်မားတဲ့ မော်တော်ယာဉ်တွေကိုသာ ထုတ်လုပ်နေပါတယ်"

ဦးမြင့်ထွန်း(ခ)ဦးငယ်လေး (အုပ်ချုပ်မှုဒါရိုက်တာ)
ရန်ကုန်ဂျစ်မော်တော်ယာဉ်ထုတ်လုပ်ရေး။

မော်တော်ယာဉ်အောက်ပိုင်း ဖရိန် တပ်ဆင်ခြင်းလုပ်ငန်းကို ဤသို့ စနစ်တကျ တပ်ဆင်ပေးရသည်။ (မြန်မာ့အလင်း)

NLD ဌာနချုပ်သို့ စက်တင်ဘာလအတွင်း အမေရိကန်သံရုံးနှင့်ဗြိတိန်သံရုံးတို့က (၂၂)ကြိမ် ဝင်ထွက်ခဲ့

ရန်ကုန် အောက်တိုဘာ ၇

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးတို့နှင့် အမြဲမပြတ် ဆက်သွယ်၍ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၄င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုကို ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှု သတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ၂၀၀၈ခုနှစ် စက်တင်ဘာလအတွင်း (၂၂)ကြိမ် ဝင်ထွက်မှုရှိခဲ့ကြောင်း၊ အဆိုပါ သံရုံးများသည် NLD, CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ်ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

မင်းသားခေါင်းဆောင်းထားသော ဘီလူးများ

၂၀ရာစု အစပိုင်းတွင် ထင်ရှားသော စာရေးဆရာတစ်ဦးဖြစ်သည့် ဂျော့ချ်အိုဝဲလ်က သူ၏ **နိုင်ငံရေးနှင့် အင်္ဂလိပ်ဘာသာစကား**ဆိုသော စာအုပ်တွင် နိုင်ငံရေးသမားတို့က ထပ်ခါထပ်ခါ မကြာခဏ အလွဲသုံးစား အပြုခံရလွန်းသဖြင့် အဓိပ္ပာယ်မဲ့ ဖြစ်သွားရသော ဝေါဟာရများကို ထုတ်နုတ်ဖော်ပြခဲ့ဖူးသည်။ အိုဝဲလ်၏ အဆိုအရ **လွတ်လပ်မှု**၊ **ဒီမိုကရေစီ**နှင့် **တရားမျှတမှု** စသော စကားလုံးများသည် မရိုးမဖြောင့်သည့်သဘောဖြင့် မကြာခဏ သုံးစွဲခံရလွန်းသဖြင့် မူရင်းအဓိပ္ပာယ်ကိုပင် အစရှာမရအောင်ဖြစ်ခဲ့ရသည်ဟု ဆိုသည်။

ဤသို့ လူအများက နှစ်သက်တန်ဖိုးထားကြသော အမွန်အမြတ်စကားလုံးများကို မသမာသူအချို့က မရိုးဖြောင့်သော သဘောဖြင့် အလွဲသုံးကြရာတွင် အကြမ်းဖက်သမားတို့က မတော်မတရား ဆွဲယူအသုံးပြုကာ ၄င်းတို့၏ ယုတ်မာကောက်ကျစ်မှုကို ဖုံးကွယ်ရန် ကြိုးစားကြခြင်းလောက် အော့နလုံးနာရွံရှာ စက်ဆုပ်ဖွယ်ကောင်းသော ကိစ္စမရှိဟု ယူဆမိပါသည်။

မြန်မာနိုင်ငံတွင် အစိုးရကိုဆန့်ကျင်နေသည့် အဖွဲ့အစည်းအများအပြားက အဆိုပါစကားလုံးများကို ရေလဲဖြင့်သုံးလေ့ရှိကြသည်။ ထိုသို့သော အဖွဲ့အစည်းများတွင် အကြမ်းဖက် အဖျက်အမှောင့်လုပ်ငန်းများကိုသာ တစိုက်မတ်မတ်လုပ်နေသည့် အဖွဲ့အစည်းများလည်း ပါသည်။ "ပြောတော့မိုး၊ ထိုးတော့မြေကြီး" ဖြစ်နေကြသည့် ယင်းဗရုတ်သုတ်ခအဖွဲ့အစည်းများကြောင့် ပင်ကိုအဓိပ္ပာယ်အရမွန်မြတ်လှသည့် စကားလုံးများမှ ရုပ်ပျက်ဆင်းပျက်ဖြစ်လာခဲ့ရသည်။

"လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများအဖွဲ့ "ခေါင်းဆောင်ဆိုသူက ရွှေပြည်သာ အကြမ်းဖက်ဗုံးခွဲမှုကို ကြိုးကိုင်စီစဉ်ခဲ့ကြောင်း၊ သတင်းစာရှင်းလင်းပွဲတစ်ခုခွဲ ကြားသိခဲ့ရသည်။ လူတို့၏ အသက်ရှင်သန်ရပ်တည်နိုင်ရေးနှင့် မတရား သတ်ဖြတ်ခံရမည့် အသက်ဘေးမှ လုံခြုံရေးသည် အရေးကြီးဆုံးသော လူ့အခွင့်အရေး မဟုတ်ပါလော။ သို့စင်လျက် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူဟု အမည်ခံပြီး လူသတ်ရန် အဘယ်ကြောင့် ကြိုးပမ်းခဲ့ရသနည်း။

"ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်" အမည်ခံအဖွဲ့က ကျောက်ကြီးမြို့တွင် အပြစ်မဲ့ အရပ်သားများ အပန်းဖြေကြည့်ရှုနေကြသည့် ဗီဒီယိုရုံတစ်ခုခွဲ ဗုံးခွဲရာ သေဆုံးဒဏ်ရာရသူများတွင် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကလေးသူငယ်များ အများအပြားပါဝင်နေကြောင်း နေ့စဉ်ထုတ်သတင်းစာများ၌ ဖတ်လိုက်ရပြန်သည်။ ကရင်အမျိုးသားလွတ်မြောက်ရေးဆိုပြီး အဘယ်ကြောင့် ကရင်အမျိုးသားများကို အကြောင်းမဲ့ သတ်ဖြတ်ရပါသနည်း။ စဉ်းစားရှုမရအောင် ရှိသည်။

တစ်ဖန် စက်တင်ဘာလ ၂၅ရက်တွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ ထောင့်၌ ဗုံးပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူအချို့ ဒဏ်ရာရရှိသွားကြကြောင်း သတင်းများ၌ ကြားသိရပြန်သည်။ ထိုဗုံးကွဲမှု၌ လက်သည် မည်သူဖြစ်သည်ကို မဖော်ထုတ်နိုင်သေးသော်လည်း (KNU)၊ (ABSDF)နှင့် စွမ်းအားမြှင့် ကျောင်းသား စစ်သည်တော်များအဖွဲ့ (VBSW)စသည့် အကြမ်းဖက်အဖွဲ့များ ပူးပေါင်းကာ ပြည်တွင်းဖောက်ခွဲမှုများပြုလုပ်ရန် စက်တင်ဘာလ ၁၀ရက်နေ့ကပင် စေလွှတ်ထားကြောင်း သတင်းစာများ၌ စက်တင်ဘာလ ၁၆ရက်နေ့ခန့်ကပင် ဖော်ပြသတိပေးထားပြီးဖြစ်သည်။ အလားတူပင် နယ်စပ်ဒေသရှိ အဆိုပါအဖွဲ့များမှ ကြိုးကိုင်စီစဉ်၍ ဒီမိုကရေစီမျိုးဆက်သစ်(NGD)ဆိုသောအဖွဲ့က ပြည်တွင်း၌ ဖောက်ခွဲရန် သယ်ဆောင်သိုဝှက်ထားခဲ့သည့် ဖောက်ခွဲပစ္စည်းမြောက်မြားစွာကို အာဏာပိုင်များက ၂၀၀၈ခုနှစ် စက်တင်ဘာလဆန်းပိုင်းတွင် ဖမ်းဆီးရမိခဲ့ကြောင်း စက်တင်ဘာလ ၇ရက်နေ့ သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်ကိုလည်း တွေ့ရပေရာ **မပြေးသော်ကန်ရာရှိ** ဆိုသကဲ့သို့ မည်သူတို့၏ လက်ချက်ဖြစ်မည်ကို မှန်းဆသိရှိနိုင်ပါသည်။

ဤသို့ ဒီမိုကရေစီအရေခြုံ အဖွဲ့အစည်းများက ရိုးသားစွာ လုပ်ကိုင်စားသောက်နေကြသော အပြစ်မဲ့ပြည်သူများကို ပစ်မှတ်ထား၍ တိုက်ခိုက်နေခြင်းသည် အဘယ်ကြောင့်ပါနည်း။

ထိုသို့ ဗုံးဖောက်ခွဲခြင်းကြောင့် သူတို့ လိုလားပါသည်ဟုဆိုသော ဒီမိုကရေစီကိုရရှိနိုင်ပါမည်လော။ မည်သို့မျှ မရနိုင်ပါ။ အကြမ်းဖက်မှုနှင့် ဒီမိုကရေစီသည် မီးနှင့်ရေကဲ့သို့ ဆန့်ကျင်ဘက်သဘောတရားဖြစ်၏။ ဒီမိုကရေစီသည် ပြည်သူများ၏ဆန္ဒအတိုင်း အုပ်ချုပ်ရသည့် စနစ်ဖြစ်၏။ ပြည်သူအများစုကို မေးမြန်းဆန်းစစ်ကြည့်ပါလျှင် အကြမ်းဖက်မှု၊ ဗုံးခွဲမှုကို မလိုလား၊ ငြိမ်းချမ်းစွာ လုပ်ကိုင်နေထိုင်နိုင်မှု၊ လုံခြုံတည်ငြိမ်မှုတို့ကိုသာ လိုလားကြောင်း တညီတညွှတ်တည်း ဆန္ဒပြုကြပေလိမ့်မည်။

ဗုံးခွဲမှုများဖြင့် နိုင်ငံတော်အစိုးရကိုဖြုတ်ချရန်၊ အနိမ့်ဆုံးအားဖြင့် သိက္ခာကျစေရန် ရည်ရွယ်သည်ဟုဆိုလျှင်လည်း လူပေါင်း ထောင်ပေါင်းများစွာ သေဆုံးခဲ့ရသည့် ကမ္ဘာ့ကုန်သွယ်ရေး ဗဟိုအဆောက်အအုံကို အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အမေရိကန်၌ သမ္မတဘုရှ်အစိုးရလည်း ၂၀၀၁ခုနှစ် စက်တင်ဘာလတွင်ပင် ပြုတ်ကျပြီး ဖြစ်ပေလိမ့်မည်။ ယခုကား ထိုသို့မဟုတ်။ အဆိုပါ ၉/၁၁ အကြမ်းဖက်မှုကြောင့် ထိုစဉ်က သမ္မတဘုရှ်အစိုးရသည် အမေရိကန်လူထုက အများဆုံး ထောက်ခံမှုပေးခြင်းခံခဲ့ရပြီး တစ်ကမ္ဘာလုံး၏ စာနာထောက်ထားမှုများကိုလည်း ရရှိခဲ့သည်။ အလားတူပင် ပါကစ္စတန်နိုင်ငံ၌ မကြာခဏ ဗုံးကွဲမှုကြီးများ ဖြစ်ပွားခဲ့သော်လည်း ပီပီပီပါတီအစိုးရ ပြုတ်မကျခဲ့ပါ။ ထို့ကြောင့် ဤအကြောင်းပြချက်သည်လည်း ယုတ္တိမတန်လှပါချေ။

သို့ဆိုလျှင် အဘယ်ကြောင့် ဒီမိုကရေစီသူရဲကောင်း စစ်သည်တော်ကြီးများဟု မိမိတို့ကိုယ်ကို မိမိတို့ အမွမ်းတင်လျက်ရှိကြသူများက ရိုးရိုးသားသား သာမန်ပြည်သူများကို တမင်ပစ်မှတ်ထား၍ အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်နေကြပါသနည်း။

ပထမအကြောင်းအရင်းမှာ ** ဘယ်သူသေသေ ငတေမာရင်ပြီးရော** ဟူသော စိတ်ဖြင့် ပိုက်ဆံရသောကြောင့် လုပ်ခြင်းပင်ဖြစ်ပါသည်။ ဖော်ပြခဲ့သည့် ဗုံးခွဲမှုဖြစ်စဉ်များတွင် ရွှေပြည်သာဗုံးခွဲမှုကို ငွေကျပ် ၁၅သိန်းနှင့် ဈေးတည့်ခဲ့ခြင်းဖြစ်သည်။ ကျောက်ကြီး ဗီဒီယိုရုံ ဗုံးခွဲမှုမှာ ငွေကျပ် တစ်သိန်းမျှဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မဟာဗန္ဓုလပန်းခြံ ဗုံးခွဲမှုမှာလည်း သူ့ဈေးနှင့်သူ ရှိပေလိမ့်မည်။ ထို့ကြောင့် ဤဖောက်ခွဲသူများသည် **ဒီမိုကရေစီတိုက်ပွဲဝင်သူများလော**၊ **ကြေးစားလူသတ်သမားများလော** ဆိုသည်မှာ ပြည်သူတို့က ကောင်းစွာ သိမြင်နေကြပြီဖြစ်သည်။

ဒုတိယအကြောင်းအရင်းမှာ သတ္တိမရှိဘဲ သူရဲဘောကြောင်သူများဖြစ်၍ အပြစ်မဲ့ သာမန်ပြည်သူများကို ဒုက္ခပေးခြင်းဖြစ်သည်။ လက်နက်ဆိုရှိ အပ်တို တစ်ချောင်းမျှမရှိကြဘဲ မိမိတို့ဘာသာ ဝမ်းစာရှာဖွေ လုပ်ကိုင်နေကြသည့် ပြည်သူလူထုကို ဘတ်စ်ကားပေါ်တွင်/ ဘတ်စ်ကားဂိတ်တွင် လည်းကောင်း၊ အပန်းဖြေအနားယူနေကြသည့် ပြည်သူလူထုကို ပွဲခင်း၊ ဗီဒီယိုရုံစသည့် နေရာများတွင်လည်းကောင်း ခိုးကြောင်ခိုးဝှက် ဗုံးခွဲသတ်ဖြတ်ရဲကြသည့် အာဂသတ္တိရှင်ကြီးများကား သြချရလောက်အောင် သူရသတ္တိပြည့်ဝပါဘိသည်ဟု မှတ်ချက်ပြုရပေလိမ့်မည်။

လှိုင်အောင်

သို့သော်လည်း စင်စစ်၌ ထိုအကြမ်းဖက်ဖောက်ခွဲရေးသမားများမှာ နိုင်ငံရေး စစ်တုရင်ကစားကွက်ပေါ်မှ နယ်ရုပ်များသာ ဖြစ်ချေသည်။ ထိုနယ်ရုပ်တို့မှာ တတ်နိုင်ရင်လျှင်လည်း တစ်ကွက်သာ၊ စားရလျှင်လည်း တစ်ကောင်သာ ဖြစ်သော်လည်း ထိုးကျွေးခံရစရာရှိလျှင်ကား ထိပ်ဆုံးမှဖြစ်သည်။ ထို့ကြောင့် ငွေကလေး တစ်ပဲခြောက်ပြားဖြင့် သူတစ်ပါးအသက်များစွာကို သတ်ခဲ့ကြရပြီး ရာဇဝတ်ဘေး ပြေးမလွတ်၍ ဖမ်းဆီးခံရသောအခါ ရှေ့ဆုံးမှဖြစ်ကြလေသည်။

စစ်တုရင်ကွက်၌ ရှေ့သို့တက်၍ အစားခံရသော နယ်ရုပ်များသည် နောက်ပိုင်းမှ ပါဝါကြီးသော စစ်ကဲ၊ ရထား၊ မြင်း၊ ဘုရင်မ စသည့် စစ်တုရင်ရုပ်များ ခြေလှမ်းကျဲကျဲ လှုပ်ရှားနေရာယူ အမြတ်ထုတ်နိုင်စေရေးအတွက် ဘဝနှင့်ရင်း၍ လမ်းခင်းပေးကြရသူများဖြစ်သည်။ အကြမ်းဖက်ဖောက်ခွဲမှု ကျူးလွန်ပြီးနောက် အဖမ်းမခံရသေးမီ ကျီးလန့်စာစား ပြေးလွှားပုန်းရှောင်နေရကာ စားကောင်းခြင်း မစားရ၊ အိပ်ကောင်းခြင်း မအိပ်ရ၊ မလုံခြုံသောဘဝ၌ နေခဲ့ကြရသကဲ့သို့ ဖမ်းဆီးခံရပြီးသည့်နောက်၌လည်း ကိုယ်ကျူးလွန်ခဲ့သည့် ပြစ်မှု၏ ကြီးမားသော အတိုင်း အတာအရ ကြိုးစင်ကိုပင် မျက်နှာချင်းဆိုင်ရမည်လော၊ နံရံလေးဖက်ကြား၌ သွားကျိုး၊ ဆံဖြူ၊ နားအူ၊ ခါးကုန်းသည်အထိ အချိန်ဖြုန်းရတော့မည်လောဟု ရင်မောစွာစောင့်နေရသည့် ဘဝမျိုးပင် ဖြစ်ပေသည်။

ထိုသူတို့နောက်မှ ဘာအဖွဲ့အစည်း၊ ညာအဖွဲ့အစည်း တာဝန်ခံ စသည့် ဟန်ဟန်ပန်ပန် စားကွက်ဖန်ထားသူများအတွက်မှာမူ **အလုပ်**တစ်ခုဖြစ်လျှင် ငွေသိန်းပေါင်းများစွာ မြိုးမြိုးမြက်မြက်ရတတ်ကြသလို ဒီမိုကရေစီအမည် အမျိုးမျိုး ခေါင်းစီးအဖုံဖုံတပ်ထားသည့် အစိုးရဆန့်ကျင်ရေးတပ်ပေါင်းစုကြီးအတွင်း၌လည်း လုပ်နိုင်ကိုင်နိုင် စွမ်းရည်ပြနိုင်သူအဖြစ် နေရာအဆင့်ဆင့် မြင့်တက်လာနိုင်သေးသည်။ အကြမ်းဖက်မှုများကြောင့် ပြည်တွင်းရေး မတည်မငြိမ်ဖြစ်လျက် တောမီးလောင်၊ တောကြောင်လက်ခမောင်းထ၍ခတ်မည့်သူများလည်း ဖြစ်သည်။

သို့သော် **ထိုပါဝါအရုပ်များကိုယ်တိုင်လည်း နောက်မှ ဆရာကြီးများ အကွက်ချလှုပ်ရှားစေမှ နေရာရွှေနိုင်သော စစ်တုရင်ရုပ်များသာဖြစ်၏။ ထိုအရုပ်များသည်လည်း ကစားကွက်၌ အမြတ်ရမည်ထင်လျှင် အလဲခံရမည်ဖြစ်သလို မလွဲသာလျှင်လည်း ထိုးကျွေးကာ ပြေးလမ်းရှာခြင်းမျိုးလည်း ခံရနိုင်သည်သာ ဖြစ်၏။ ဤသို့ဖြင့် သမိုင်းကြောင်း၏ အမှိုက်ပုံတွင်း၌ ဇာတ်သိမ်းသွားခဲ့ရသော တိုင်းတစ်ပါးသြဇာခံ လက်ကိုင်တုတ်များလည်း အချိန်တိုင်း၊ နေရာတိုင်း၌ အများအပြား တွေ့မြင်ခဲ့ကြရဖူးပြီ ဖြစ်သည်။ အသုံးတည့်နေသည့်အချိန်တွင် ထိုသူတို့ မဟုတ်မတရား လုပ်ထားသမျှကို အကာအကွယ်အမျိုးမျိုးဖြင့် ဖုံးဖိပေးထားမည်ဖြစ်သော်လည်း အသုံးမကျ၊ သုံးမရတော့သောအချိန်၌မူ စွန့်ပစ်ထားခြင်းခံရသည်သာ ဖြစ်တော့သည်။**

စင်စစ်၌ **အစွယ်လိုသူ မိဖုရား၊ အသွားစေခိုင်းသူ မင်းဧကရာဇ်၊ လေးပစ်သူ သောနုတ္တိုရ်**ဟူ၍ ဆဒ္ဒန်ဆင်မင်းဇာတ်တော်လာ **ကြံဖော်ကြံဖက်သုံးဦးသားအနက်**တွင် ဆဒ္ဒန်ဆင်မင်းကို သတ်ရန်အကြဲဖြင့် မြေကျင်းတူးကာ ပျဉ်ချပ်ဖုံး၍ ချောင်းမြောင်းလုပ်ကြသူ သောနုတ္တိုရ်မုဆိုးတစ်ဦးကသာ မြင့်မြတ်သည့် ရသေ့ရဟန်းတို့၏ သက်နံးကို အရေခြုံ၍ အကာအကွယ်ယူခဲ့ရသော်လည်း **"ဒီမိုကရေစီ"၊ "လူ့အခွင့်အရေး"၊ "လွတ်လပ်ခွင့်"၊ "လွတ်မြောက်ရေး"စသည့် အမွန်အမြတ်စကားလုံးများကို ရှေ့တန်းတင်ဗန်းပြ အကာအကွယ်ယူကာ နိုင်ငံတစ်နိုင်ငံကို မပျက်ပျက်အောင် အရင်ဖျက်ဆီးပြီးမှ လက်အောက်ခံအဖြစ် ဆွဲသွင်းလိုသည့် အင်အားကြီးအုပ်စုများ၊ ၄င်းတို့၏ကြိုးဆွဲရာ ကနေရသည့် သြဇာခံ ပုဆိန်ရိုးအဖွဲ့အစည်းများ၊ ထိုအဖွဲ့အစည်းများ ငွေပေးခိုင်းစေသည့်အတိုင်း မိမိပြည်သူကို မိမိပြန်လည်ဒုက္ခပေး သတ်ဖြတ်နေသည့် အကြမ်းဖက် ကြေးစားဖောက်ခွဲရေးသမားများအားလုံးတို့သည် ဆိုင်းဘုတ်က "ဒီမိုကရေစီ"၊ လုပ်ရပ်က "တိုင်းပြည်ဖျက်ဆီးရေး"၊ပါးစပ်က "လူ့အခွင့်အရေး"၊လက်တွေ့၌ "အကြမ်းဖက်လူသတ်ရေး"တို့ဖြင့် အပြောတခြား၊ အလုပ်တခြား စက်ဆုပ်ဖွယ်ရာ လုပ်ရပ်များကို ဖုံးကွယ်နိုင်ရေးအတွက် မအပ်မရာ စကားလုံးလှလှများကိုသုံးကာ ရုပ်ဖျက်လှည့်စားနေခြင်းမှာ သူတော်ကောင်းယောင်ဆောင်ထားသည့် သားသတ်မုဆိုးကြီး သောနုတ္တိုရ်ထက်ပင် အော့နလုံးနာ ရွံရှာဖွယ်ရာ ဖြစ်နေလေတော့သည်။**

အစွယ်ပြူးပြူး ဘီလူးတို့သည် မည်သို့ပင် မင်းသားခေါင်း ဆောင်းထားစေကာမူ သွေးညှီနံ့ကြိုက် ဘီလူးစရိုက်ကိုမူကား ဖုံးကွယ်ထား၍ ရနိုင်မည် မဟုတ်ချေ။ အနောက်အုပ်စု မီဒီယာများက မည်သို့ပင် မြိုင်ထနှစ်ပါးသွား တီးလုံးများကို တီးပေးနေစေကာမူ ကန့်လန့်ကာကြားမှ ထွက်လာသည်နှင့် သန်လျက်ကို ကိုင်စွဲကာ လက်သီးဆုပ်၊ ခြေဆောင့်၊ ဖနောင့်ပေါက်၍ **ဘီလူးက** ကတော့သည်သာ ဖြစ်သောကြောင့် လူထုပရိသတ်၏ အော့ကြောလန် ဇာတ်ပွဲဖြစ်၍သာ နေတော့သည်။ **ဤသို့ တီးလုံးတခြား၊ ကကွက်တခြား၊ ကိုးရိုးကားရား မင်းသားခေါင်းဆောင်းပြီးမှ ဘီလူးမြိုင်ထ နှစ်ပါးသွားကနေကြသော ခေတ်သစ်သောနုတ္တိုရ် ဆရာတပည့်အုပ်စုတို့၏ အော့ကြောလန်ဇာတ်ပွဲကြီး သည်ကား ရောက်ရာအရပ်တွင် ပရိသတ်တို့က ခဲမိုးဖြိုင်ဖြိုင်ရွာ၍ (လက်ခုပ်သြဘာအစား) ခဲတုတ်သြဘာများသာ ပေးကြတော့မည်ကို ငွေကုန်ခံ၍ ဗေဒင်မေးစရာမလိုဘဲ တွေးကြည့်ရုံဖြင့်ပင် သိနိုင်ပါတော့သတည်း။** ။

မိမိပြည်သူကို မိမိ ပြန်လည်ဒုက္ခပေး သတ်ဖြတ်နေသည့် အကြမ်းဖက် ကြေးစားဖောက်ခွဲရေးသမားများ အားလုံးတို့သည် ဆိုင်းဘုတ်က "ဒီမိုကရေစီ"၊ လုပ်ရပ်က "တိုင်းပြည်ဖျက်ဆီးရေး"၊ ပါးစပ်က "လူ့အခွင့်အရေး"၊ လက်တွေ့၌ "အကြမ်းဖက်လူသတ်ရေး"တို့ဖြင့် အပြောတခြား၊အလုပ်တခြား စက်ဆုပ်ဖွယ်ရာ လုပ်ရပ်များကို ဖုံးကွယ်နိုင်ရေးအတွက် မအပ်မရာ စကားလုံးလှလှများကိုသုံးကာ ရုပ်ဖျက်လှည့်စားနေခြင်းမှာ သူတော်ကောင်းယောင်ဆောင်ထားသည့် သားသတ်မုဆိုးကြီး သောနုတ္တိုရ်ထက်ပင် အော့နလုံးနာ ရွံရှာဖွယ်ရာဖြစ်နေ။

ဗျာပုံမြို့နယ် ရှမ်းကွင်းကြီးစံပြကျေးရွာ ကျောင်းဆောင်သစ်များ တည်ဆောက်မည့်အခြေအနေ

ဝန်ကြီးပိုလ်ချုပ်စိုးနိုင် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၇

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် စက်တင်ဘာ၂၈ရက် မွန်းလွဲပိုင်းက ဗျာပုံမြို့နယ် ရှမ်းကွင်းကြီးစံပြကျေးရွာ၌ ကျေးရွာလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုပြီး မုန်တိုင်းကြောင့် ပြိုကျပျက်စီးသွားသည့် အခြေခံပညာမူလတန်းကျောင်းဆောင်နှင့် တွဲဖက်အလယ်တန်းကျောင်းဆောင်သစ် ပြန်လည်တည်ဆောက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ဆက်လက်၍ ဝန်ကြီးသည် ကျေးရွာ၌ဖွင့်လှစ်ထားသော ဘဝတန်ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ပြန်လည်မွမ်းမံတည်ဆောက်ရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီး စာကြည့်တိုက်အတွက် စာအုပ်များကို စာကြည့်တိုက် တာဝန်ခံထံ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးသည် ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး အခြေခံပညာမူလတန်းကျောင်း ယာယီစာသင်ဆောင်၌ ကျောင်းသား ကျောင်းသူများအတွက် စာအုပ်၊ ခဲတံ၊ ခဲဖျက်နှင့် ဘောပင်များကို ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်း အခြေခံပညာအဆင့် ပညာရည်တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ

တိုင်းမှူး ပိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်အမှာစကားပြောကြား

မြိတ် အောက်တိုဘာ ၇

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးသည် စက်တင်ဘာ ၂၁ရက် နံနက် စနာရီက မြိတ်မြို့ မြစ်ငယ်ရပ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာဝိမာန်ခန်းမ၌ ကျင်းပသော တနင်္သာရီတိုင်း အခြေခံပညာအဆင့် ပညာရည်တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် တနင်္သာရီတိုင်း ပညာရေးမှူး ဦးခင်အောင်နှင့် အမှတ်(၁) အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသိန်းတို့က အခြေခံပညာအဆင့် ပညာရည်တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်ကြသည့် တက္ကသိုလ်များမှ ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိကများ၊ တနင်္သာရီ တိုင်း အတွင်းရှိမြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (၀၄၃)

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသား စုံညီစည်းဝေး

ရန်ကုန် အောက်တိုဘာ ၇

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို အောက်တိုဘာ ၅ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ် ပုလဲခန်းမ၌ ကျင်းပသည်။

နှုတ်ခွန်းဆက်စကား

ရှေးဦးစွာ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသူတော် (အကယ်ဒမီရွှေသန့်စင်လုပ်ငန်း)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ်ဥက္ကဋ္ဌဦးဝင်းမြင့်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အသင်းအတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံရွှေပန်းထိမ်ရွှေဆိုင်)က အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြ အတည်ပြုချက်ရယူသည်။

အမည်စာရင်းဖတ်ကြား

ထို့နောက် ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် ဥက္ကဋ္ဌဦးသူတော် (အကယ်ဒမီရွှေသန့်စင်လုပ်ငန်း)၊ အတွင်းရေးမှူးဦးကျော်ဝင်း (ဦးထုံရွှေပန်းထိမ်ရွှေဆိုင်) တို့ပါဝင်သည့် အလုပ်အမှုဆောင်အဖွဲ့၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။ ယင်းနောက်အသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့် (ရွှေမြင်းပျံရွှေသန့်စင် လုပ်ငန်း)က နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်ယာကဏ္ဍ စာရင်းအင်းကိန်းဂဏန်း မှန်ကန်ရေးဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်သည် စက်တင်ဘာ ၂၈ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ ရန်ကုန်တိုင်း မြေစာရင်းဦးစီးဌာန၌တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ၊ ဒုတိယဦးစီးမှူးများနှင့် တွေ့ဆုံပြီး ကြေးတိုင်နှင့်မြေ စာရင်းဦးစီးဌာနဝန်ထမ်း အဆင့်ဆင့်အနေဖြင့် လယ်ယာကဏ္ဍစာရင်း အင်း ကိန်းဂဏန်းမှန်ကန်ရေးနှင့် စိုက်ပျိုးပြီး ဖြစ်သော မိုးစပါးအထွက်နှုန်း မှန်ကန်ရေး အတွက်လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၏ သီးနှံအထွက်နှုန်းတွက်ချက်ခြင်း နည်းလမ်းများ ညွှန်ကြားချက်နှင့် အညီ မိုးစပါးစံကွက်များ ရိတ်သိမ်းပြီး အထွက်နှုန်းကို အနီးစပ်ဆုံးမှန်ကန်စွာ တွက်ချက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ချောင်းဦးမြို့နယ်၌ သဘာဝမြေသြဇာ မြေဆွေးနှင့် တီကောင်မွေးမြူရေးလက်တွေ့သရုပ်ပြ

ချောင်းဦး အောက်တိုဘာ ၇

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် ကျီကုန်းကျေးရွာအုပ်စုကျီကုန်းကျေးရွာတောင်သူဦးမြင့်သိန်း၏နေအိမ်အတွင်း၌ သဘာဝမြေသြဇာ စုပါဘိုကာရှိမြေဆွေးနှင့် တီကောင်မွေးမြူရေး လုပ်ငန်း လက်တွေ့သရုပ်ပြပွဲကို သြဂုတ် ၂၃ရက် နံနက်၉နာရီကကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးစောလင်းနှင့် ဒုတိယကြီးကြပ်ရေးမှူး ဒေါ်သန်းလှတို့က သဘာဝမြေသြဇာ စုပါဘိုကာရှိ မြေဆွေးနှင့် တီကောင်မွေးမြူပြီး တီကျစ်စာမြေသြဇာပြုလုပ်သုံးစွဲရေး အကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ကျေးရွာအုပ်စုတာဝန်ခံ လက်ထောက်ကြီးကြပ်ရေးမှူး ဦးဝင်းမြင့်က စုပါဘိုကာရှိ(သဘာဝမြေဆွေး)နှင့် တီကောင်မွေးမြူနည်းများကို တောင်သူများအား လက်တွေ့သရုပ်ပြသသည်။ (မြို့နယ် ပြန်/ဆက်)

အမရပူရမြို့နယ် ဈေးသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ စည်းဝေး

မြစ်ငယ် အောက်တိုဘာ ၇

မန္တလေးတိုင်း အမရပူရမြို့နယ် ဈေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၂၃ရက် နံနက်၁၀နာရီက နန်းရဝာနာ ဈေးအနီး နဂါးဝင်းခမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ဝင်းကြည်က အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အဖွဲ့ဝင် ဦးမျိုးသိန်းက ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်နှစ်ချုပ် အစီရင်ခံစာနှင့်ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားတင်သွင်းရာ ဆုံးဖြတ်ချက်၊ အတည်ပြုချက်များ ရယူကြသည်။ (၀၈၀)

ကျောင်း ကျန်းမာရေး ပညာပေးဟောပြော

မန္တလေး အောက်တိုဘာ ၇

မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကာ ကျောင်းကျန်းမာရေးအဖြစ် ဈေးဆိုင်များသို့ ကွင်းဆင်း၍ ပညာပေးဟောပြောခြင်း၊ စစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိရာ သြဂုတ် ၂၈ရက် နံနက်က ပြည်ကြီးရန်လုံရပ်ကွက် အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်းသို့ မြို့နယ်အသင်း ဥက္ကဋ္ဌ ဒေါ်နန်းမာလာဆွေနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးသည်။ (၀၉၀)

သင့်သွေးပြင့် အသက်ကယ်ပါ

သာကေတနှင့်ဒေါပုံမြို့နယ်များရှိ ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဟောပြော

ရန်ကုန် အောက်တိုဘာ ၇

သာကေတနှင့်ဒေါပုံမြို့နယ်ရှိ ဈေးများအားလုံးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြဟောပြောပွဲကို အောက်တိုဘာ ၅ရက်က သာကေတမြို့နယ် အမှတ်(၃) စံပြဈေးရုံးခန်းမတွင် ကျင်းပရာ တောင်ပိုင်းခရိုင်ဌာနစုမှူး ဦးစိန်ထွန်းနိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦးနှင့် အလုပ်သင် အရာရှိငယ်များ၊ ဈေးတာဝန်ခံ ဦးမြတ်မိုးနှင့် မြို့နယ်ဈေးတာဝန်ခံများ၊ ဈေးသာယာရေးအဖွဲ့ဝင်များနှင့် ဈေးသူ၊ ဈေးသားများ တက်ရောက်ကြကာ တောင်ပိုင်းခရိုင် ဌာနစုမှူး ဦးစိန်ထွန်းနိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦးတို့က မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ဟောပြောကြ၍ ဈေးသာယာရေးအဖွဲ့ကိုယ်စား ဦးမျိုးညွန့်က ကျေးဇူးတင်စကားပြောကြားပြီး ယင်းဈေးရှေ့တွင် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်ခြင်းအား သရုပ်ပြသကြောင်း သိရသည်။ **(အပေါ်ပုံ)** (၁၁၆)

ဝန်ထမ်းများ အရည်အသွေး မြင့်မားရေး လျှိုင်ကော်ခရိုင်၌ စာဖတ်ဝိုင်းများပြုလုပ်

ရန်ကုန် အောက်တိုဘာ ၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးသန်းထွန်းသည် လျှိုင်ကော်ခရိုင် ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦးနှင့် ဝန်ထမ်းများ၊ ဒီမောဆို၊ ဖရူဆို၊ ဖားဆောင်းမြို့နယ်နှင့် ရွာသစ်မြို့တို့မှ ဦးစီးမှူးများအား စက်တင်ဘာ ၆ရက် ညနေ ၅နာရီက လျှိုင်ကော်ခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ တွေ့ဆုံသည်။

ဆွေးနွေးမှာကြား

ထိုသို့တွေ့ဆုံရာတွင် ညွှန်ကြားရေးမှူးက ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးအတွက် စာဖတ်ဝိုင်းများပြုလုပ်ရေး၊ အင်္ဂလိပ်စာအခြေခံကောင်းအောင် လေ့လာသင်ယူကြရေး၊ ဖွင့်လှစ်ပြီးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲအောင် ကြီးပမ်းဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

(ခရိုင် ပြန်/ဆက်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

စီးရီးအေအပေါ် မော်ရင်ဟိုဏ်အမြင်

မောင်မောင်မြင့်ဆွေ စုစည်းရေးသား၍ ဇော်ထွန်းဦး စာမျက်နှာဖွဲ့စည်းသည်

မီလန် အောက်တိုဘာ ၇

အီတလီစီးရီးအေဟာ မကြာခင်ကာလအတွင်းမှာ အင်္ဂလိပ်ပရီမီယာလိဂ်ကို စိန်ခေါ်နိုင်မှာဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြဟောင်းနဲ့ အင်တာမီလန်နည်းပြဖြစ်သူ မော်ရင်ဟိုက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

လွှမ်းမိုး

ပရီမီယာလိဂ်အသင်းတွေရဲ့အနေအထားကို ကြည့်လိုက်တဲ့အခါ ပြီးခဲ့တဲ့ နှစ်ချန်ပီယံလိဂ်ပွဲတုန်းက အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးအသင်းတွေဖြစ်တဲ့ မန်ယူ၊ ချယ်လ်ဆီး၊ အာဆင်နယ်နဲ့ လီဗာပူးအသင်းတွေဟာ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲနဲ့ ဗိုလ်လုပွဲတွေမှာ လွှမ်းမိုးခဲ့တယ်။ အဲဒီလိုပဲ ၂၀၀၆-၂၀၀၇ချန်ပီယံလိဂ်ပွဲမှာလည်း မော်ရင်ဟိုရဲ့ ချယ်လ်ဆီးအပါအဝင် အင်္ဂလန် အသင်းသုံးသင်းဟာ နောက်ဆုံး အကြိုဗိုလ်လုပွဲနဲ့ ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ကြတာကို အခု အင်တာမီလန် နည်းပြလုပ်နေတဲ့ မော်ရင်ဟိုက ရည်ညွှန်းပြီး ပြောလိုက်တာဖြစ်ပါတယ်။

ဒါက ဘာကိုပြသလဲဆိုရင်တော့ ဥရောပမှာ ပရီမီယာလိဂ်ထိပ်တန်းအသင်းတွေ လွှမ်းမိုးနေပြီဆိုတာကို ဖော်ပြနေခြင်းပဲဖြစ်တယ်လို့ မော်ရင်ဟိုက ပြောကြားခြင်းဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာသာမက ဥရောပကိုပါ လွှမ်းမိုးဖို့ကြိုးစားလာတဲ့ အင်္ဂလိပ်အသင်းတွေရဲ့ အရှိန်အဟုန်ကို ဟန့်တားဖို့ မိမိဟာ စီးရီးအေကို ပြောင်းရွှေ့ခဲ့ခြင်းဖြစ်တယ်လို့လည်း သူက ဆိုနေပါတယ်။

အာသာဝမ်းဝမ်း

မိမိဟာ ယှဉ်ပြိုင်မှုတွေအပေါ် အာသာဝမ်းဝမ်းဖြစ်နေတတ်ပြီး ပွဲတိုင်း နိုင်ပွဲလိုချင်တဲ့ ဆန္ဒကြီးမားနေသူတစ်ဦးဖြစ်တယ်။ ဒါပေမယ့် သူဟာ ယှဉ်ပြိုင်ခြင်းဆိုတဲ့အချက်ပေါ်မှာပဲ ပျော်မွေ့နေတတ်တဲ့ နည်းပြတစ်ဦးဖြစ်တယ်လို့လည်း ပြောကြားနေပါတယ်။

ဒါကြောင့် မော်ရင်ဟိုဟာ စီးရီးအေကလပ် အင်တာမီလန်ကို ပြောင်းရွှေ့ခဲ့ပြီး အင်တာမီလန်ကို ပထမဦးဆုံးအဆင့် အနေနဲ့ စီးရီးအေဖလားကို ဆွတ်ခူးပေးမယ်လို့ ဆိုထားပါတယ်။ စီးရီးအေကို သူရောက်ပြီး ဒီနှစ် စီးရီးအေဘောလုံးရာသီမှာ ပြိုင်ပွဲဝင်တဲ့အသင်းတွေနဲ့ အနေအထားကို သုံးသပ်ကြည့်လိုက်တဲ့အခါ စီးရီးအေအသင်းတွေဖြစ်တဲ့ အင်တာမီလန်၊ ဂျူဗင်းတပ်စ်၊ ရိုးမားနဲ့ ဖီအိုရင်တီးနားတို့ဟာ အင်္ဂလိပ်ပရီမီယာလိဂ် ထိပ်တန်းလေးသင်းနဲ့ ယှဉ်လို့ရတဲ့ ခြေစွမ်းတွေရှိနေတယ်လို့ ဆိုပါတယ်။

ချယ်လ်ဆီးနည်းပြဟောင်းနဲ့ အင်တာမီလန်နည်းပြဖြစ်သူ မော်ရင်ဟို။

စွမ်းရည်ထက်မြက်

စီးရီးအေမှာ ကစားနေကြတဲ့ ဘောလုံးသမားတွေရဲ့ အနေအထားကိုကြည့်ရင် ပရီမီယာလိဂ်မှာကစားနေတဲ့ ဘောလုံးသမားတွေထက် ခြေစွမ်း ပိုကောင်းကြောင်း၊ ဥရောပ၊ အာဖရိက၊ တောင် အမေရိကနဲ့ အာရှနိုင်ငံအချို့က ဘောလုံးသမားတွေ ပါဝင်ကစားနေကြတာကို တွေ့ရတဲ့အပြင် ကိုယ်ပိုင်စွမ်းရည်ထက်မြက်ပြီး ပါရမီလည်းရှိတဲ့ ဘောလုံးသမားတွေ အများအပြားလာရောက်ကစားနေကြတာတွေ့ရတာမို့ ဒီအချက်ဟာလည်း အရေးပါတဲ့အချက်ဖြစ်တယ်လို့ မော်ရင်ဟို ပြောကြားနေပါတယ်။

ဒါ့အပြင် အသင်းလိုက် ကစားအားထက် တစ်ဦးချင်း စွမ်းရည်ထက်မြက်မှုကို ဦးစားပေးတဲ့ ဘောလုံးကစားဟန်တွေကို ပုံစံပြောင်းပြီး အသင်းလိုက် မြန်နှုန်းမြင့်ကစားတဲ့စနစ်ကို အထိုင်ကျ အောင်ကစားနိုင်ရင် စီးရီးအေကလပ်အသင်းတွေဟာ ဥရောပ ဘောလုံးလောကမှာ သေချာပေါက် မင်းမှုနိုင်မှာဖြစ်တယ်လို့ မော်ရင်ဟိုက ယုံကြည်နေပါတယ်။

အစဉ်အလာရှိ

အဲဒီလို ဥရောပဘောလုံးလောကကို လွှမ်းမိုးနိုင်ဖို့ဆိုတာ စီးရီးအေအသင်းတွေအဖို့ နှစ်အနည်းငယ်အတွင်း ဖြစ်သွားနိုင်တယ်လို့လည်း သူက ဆိုနေပြန်ပါတယ်။ စီးရီးအေရဲ့ လက်ရှိ ယှဉ်ပြိုင်နေတဲ့ အသင်းတွေဟာ ဖြည့်ဆည်းရမယ့်အချက်တွေ အများကြီးရှိနေတယ်ဆိုပေမယ့် စီးရီးအေဘောလုံးပွဲစဉ်တွေဟာ ရေခံမြေခံကောင်းခဲ့တဲ့ အစဉ်အလာရှိပါတယ်။

အီတလီအသင်းတွေရဲ့ ကစားပုံဟာ ဘွန်ဒက်စ်လီဂါနဲ့ စပိန်လာလီဂါအသင်းတွေနဲ့ ကစားပုံချင်း ကွာခြားမှုမရှိတာတွေ့ရတဲ့အပြင် အခြေခံဘောလုံးကစားပုံချင်းလည်း တူညီကြတယ်လို့ မော်ရင်ဟိုက သုံးသပ်ပါတယ်။ ဒါကြောင့် ပရီမီယာလိဂ်အသင်းတွေလို အောင်မြင်မှုရရှိအောင် ကြိုးစားတဲ့နေရာမှာ အခက်အခဲနဲ့ ထူးခြားတဲ့ ပြောင်းလဲမှုသိပ်မရှိတူးလို့ သူက ဆိုနေတာဖြစ်ပါတယ်။

ကိုင်လှုပ်နိုင်စွမ်း

အီတလီစီးရီးအေကလပ်တွေရဲ့ အားနည်းချက်က ဘောလုံးသမား ဝယ်ယူရေးမှာ ငွေကြေးသုံးစွဲမှု ကန့်သတ်ချက်ရှိနေတာပဲဖြစ်ပါတယ်။ ခေတ်သစ်မှာ ဘောလုံးအသင်းတစ်သင်း အောင်မြင်မှုရရှိရေးအတွက်ဆိုတာ ထိုက်တန်တဲ့ ငွေကြေးသုံးစွဲမှုရှိရမှာ ဖြစ်ပါတယ်။ ဒီလိုအချက်တွေကိုသာ ပြုပြင်လိုက်ရင် စီးရီးအေအသင်းတွေဟာ အင်္ဂလိပ်ပရီမီယာလိဂ် ထိပ်တန်းအသင်းတွေနဲ့အပြိုင် ဥရောပဘောလုံးလောကကို ကိုင်လှုပ်နိုင်စွမ်းရှိလာမှာဖြစ်ကြောင်း မော်ရင်ဟိုက သုံးသပ်ပြောကြားလိုက်ပါတယ်။ ။

(ကိုးကား-အင်တာနက်)

အင်္ဂလန်လက်ရွေးစင်လေးဦး လေ့ကျင့်ကွင်းမဆင်းနိုင်သော်လည်း ခြေစစ်ပွဲတွင် အားလုံးပါဝင်ကစားနိုင်ဖွယ်ရှိ

လန်ဒန် အောက်တိုဘာ ၇

အင်္ဂလန် လက်ရွေးစင်အသင်းခေါင်းဆောင် ဂျန်တယ်ရီသည် အောက်တိုဘာ ၁၁ရက်တွင် အင်္ဂလန်အသင်းနှင့် ကာဇက်စတန်အသင်းတို့ ကမ္ဘာ့ဖလား ခြေစစ်ပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည့် ပွဲစဉ်အတွက် အောက်တိုဘာ ၇ရက်က လေ့ကျင့်ကွင်းဆင်းရာတွင် မပါဝင်နိုင်ခဲ့ပေ။ တယ်ရီသည် လေ့ကျင့်ကွင်း မဆင်းနိုင်သည့် အဓိက ကစားသမားလေးဦးတွင် တစ်ဦး အပါအဝင်ဖြစ်လာသည်။

ချယ်လ်ဆီး ခံစစ်မှူး ဂျန်တယ်ရီ။

လေ့ကျင့်မှုလျှော့ချ

ချယ်လ်ဆီးခံစစ်မှူး ဂျန်တယ်ရီသည် အောက်တိုဘာ ၄ရက်က အက်စ်တွန်ဗီလာအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောပွဲတွင် ကျောကုန်းဒဏ်ရာရရှိခဲ့ပြီး ဝင်ဘလေ၌ ကစားရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် အားကစားရုံ၌ လေ့ကျင့်မှုကို လျှော့ချခဲ့ရသည်။

ဂျန်တယ်ရီကဲ့သို့ လေ့ကျင့်ကွင်းမဆင်းနိုင်သော အင်္ဂလန် လက်ရွေးစင် အဓိကကစားသမားများမှာ အက်ရှ်လေကိုး၊ မန်ယူအသင်းမှ ဝက်စ်ဘရောင်း၊ မစ်ဒယ်ဘရော့မှ စတီးဝပ်ဒေါင်းနင်းတို့ ဖြစ်ကြသည်။

ကစားနိုင်ဖွယ်

သို့သော် ယင်းအားကစားသမား လေးဦးစလုံးသည် အောက်တိုဘာစရက် (ယနေ့)တွင် လေ့ကျင့်ကွင်း၌ အချိန်ပြည့် ဆင်းနိုင်ဖွယ်ရှိပြီး ခြေစစ်ပွဲတွင် အပြည့်အဝ ပါဝင်ယှဉ်ပြိုင် ကစားနိုင်ဖွယ်ရှိကြောင်း သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ဘော်လ်တန်အသင်း ခံစစ်မှူး အိုဘရိုင်ယန် စာချုပ်သစ် ထပ်မံချုပ်ဆို

လန်ဒန် အောက်တိုဘာ ၇

ဘော်လ်တန် ခံစစ်မှူး အန်ဒီအိုဘရိုင်ယန်သည် ဘော်လ်တန်အသင်းနှင့် ၂၀၁၁ခုနှစ်အထိ စာချုပ်သစ် ထပ်မံချုပ်ဆိုလိုက်သည်။

ပြောင်းရွှေ့

အသက် ၂၉နှစ်ရှိ ဗဟိုခံစစ်မှူး အိုဘရိုင်ယန်သည် ၂၀၀၇ ခုနှစ် နွေရာသီတွင် ပို့စ်မောက်မှ ဘော်လ်တန်သို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။

ဘော်လ်တန် ခံစစ်မှူး အန်ဒီအိုဘရိုင်ယန်။

ဝမ်းသာပျော်ရွှင်

မိမိအား ဘော်လ်တန်ကပေးသော အခွင့်အရေးအတွက် ကျေးဇူးတင်ကြောင်း၊ မိမိကို အားပေးသောပရိသတ်များ၊ နည်းပြဂါရီမက်ဆန်နှင့် ကစားသမားများ၏ လှိုက်လှဲနွေးထွေးသော ဆက်ဆံမှုများကြောင့် မိမိအနေဖြင့် အသင်းတွင်ရှိနေရခြင်းနှင့် ဘောလုံးကစားရခြင်းအတွက် ဝမ်းသာပျော်ရွှင်မိကြောင်း အိုဘရိုင်ယန်က ပြောကြားသည်။

(အင်တာနက်)

ဗြင့်မောင်စိုးနှင့် ချစ်စိုးနိုင် စုစည်းသည်

ရောဘတ်ကာဆင်

ဆွီဒင်နိုင်ငံမှ ဂေါက်သီးအကျော်အမော်တစ်ဦးဖြစ်သည့် ရောဘတ်ကာဆင်။

ဆွီဒင်ဂေါက်သီးအကျော်အမော် ဒန်းဟေးလင့်ခ်ချန်ပီယံဆုဖလားဆွတ်ခူး

စိန့်အင်ဒရူး(စကော့တလန်) အောက်တိုဘာ ၇

ဆွီဒင်နိုင်ငံမှ ဂေါက်သီးအကျော်အမော်တစ်ဦးဖြစ်သည့် ရောဘတ်ကာဆင်သည် စိန့်အင်ဒရူး၌ကျင်းပသည့် ဒန်းဟေးလင့်ခ် ချန်ပီယံရှစ် ဂေါက်သီးရိုက်အားကစားပြိုင်ပွဲတွင် ဂျာမနီနိုင်ငံမှ မာတင်ခေမာနှင့် အင်္ဂလန်မှ ရော့ဖစ်ချာတို့အား ကျင်းပိုကစားပြီး ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးနိုင်ခဲ့သည်။

ကျင်းပိုကစား

အဆိုပါ ဂေါက်သီးကစားသမားသုံးဦးသည် အောက်တိုဘာ ၆ရက်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်စီ လျှော့ရိုက်ခဲ့ကြသဖြင့် အမှတ်တူနေ၍ ကျင်းပိုကစားခဲ့သည်။ ကာဆင်သည် ပထမကျင်းပိုကစားရာ၌ပင် ဘာဒီရခဲ့သဖြင့် သုံးပတ်အတွင်း ဒုတိယမြောက် ချန်ပီယံဆုဖလားကို ကိုင်မြောက်ခွင့်ရရှိသွားသည့်အပြင် ဥရောပထိပ်တန်းပြိုင်ပွဲတစ်ရပ်သို့လည်း တက်ရောက်ယှဉ်ပြိုင်ကစားခွင့်ရရှိသွားသည်။

ဆွတ်ခူးနိုင်

ဘယ်သန် ဂေါက်သီးကစားသမား ကာဆင်သည် အဆိုပါ ဒန်းဟေးလင့်ခ် ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးနိုင်ခဲ့ရာ ကိုးလုံးမြောက် ချန်ပီယံဆုဖလားအဖြစ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ သူသည် မကြာမီက မာမီဒီဘင့် ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သူလည်းဖြစ်သည်။

(အင်တာနက်)

စတုဂတ်တွင် ချန်ပီယံဖြစ်ခဲ့သည့် ဂျန်ကိုဗစ် ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ်ဖြစ်လာ

စတုဂတ်(ဂျာမနီ) အောက်တိုဘာ ၇

ကမ္ဘာ့နံပါတ်တစ် တင်းနစ်အားကစားမယ်ဖြစ်လာသော ဆားဗီးယားနိုင်ငံသူ ဂျယ်လီနာဂျန်ကိုဗစ်သည် ဂျာမနီနိုင်ငံ စတုဂတ်မြို့၌ ကျင်းပသော ဂရင်းပရီတင်းနစ်ချန်ပီယံပြိုင်ပွဲတွင် နာဒီယာပီထရိုဗာအား ၆-၄၊ ၆-၃ ဖြင့်နိုင်ပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည်။

ဂျန်ကိုဗစ်သည် လွှန်ခဲ့သော သီတင်းပတ်က ချိုင်းနားအိုးပင်းတင်းနစ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုဖလား ပူပူနွေးနွေး ဆွတ်ခူးထားသူဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ဂျန်ကိုဗစ်က ရုရှားနိုင်ငံသူ ပီထရိုဗာအား စဉ်မိနစ်ကြာ ကစားခဲ့သည်။

လွှဲပြောင်းရယူ

အဆိုပါဖလားသည် ဂျန်ကိုဗစ်၏ ရှစ်လုံးမြောက် ဆုဖလား ဖြစ်သည်။ ၎င်းသည် နှစ်ပတ်အတွင်း ဆုဖလားနှစ်လုံး ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ဆီရီနာဝီလျံ၏ ကမ္ဘာ့နံပါတ်တစ်နေရာကို လွှဲပြောင်းရယူလိုက်သည်။

ဆီရီနာဝီလျံသည် ဂျန်ကိုဗစ်အား ယူအက်စ်အိုးပင်းပြိုင်ပွဲတွင် အနိုင်ရခဲ့ပြီး နောက် ကမ္ဘာ့နံပါတ်တစ်ဖြစ်လာခဲ့သည်။ စတုဂတ်၌ ကျင်းပသော ပြိုင်ပွဲတွင်မူ အဖွင့်ပွဲရှုံးနိမ့်ခဲ့၍ ကမ္ဘာ့နံပါတ်တစ်နေရာကို လက်လွှတ်လိုက်ခဲ့ရပြီဖြစ်သည်။

(အင်တာနက်)

ကမ္ဘာ့နံပါတ်တစ် တင်းနစ်အားကစားမယ်ဖြစ်လာသော ဆားဗီးယားနိုင်ငံသူ ဂျယ်လီနာဂျန်ကိုဗစ်။

စကော့တလန် လက်ရွေးစင်သုံးဦး ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် လွဲချော်ဖွယ်ရှိ

လန်ဒန် အောက်တိုဘာ ၇

စကော့တလန်အသင်းသည် အောက်တိုဘာ ၁၁ရက်တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် နော်ဝေအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်တွင် လွဲချော်ဖွယ်ရှိသည့် အားကစားသမား သုံးဦးတွင် ကင်နီမီလာသည် တစ်ဦးအပါအဝင်ဖြစ်လာကြောင်း အင်တာနက် သတင်း၌ ဖော်ပြသည်။ အသက် ၂၈နှစ်ရှိ တိုက်စစ်မှူး မီလာသည် အောက်တိုဘာ ၅ရက်က စိန့်မီရင်နှင့် ယှဉ်ပြိုင်ကစားသောပွဲတွင် မူလတံကောက် ကြောဒဏ်ရာ ပြန်ပေါ်ခဲ့သည်။

ဆုံးဖြတ်ထား

ရိန်းဂျားကွင်းလယ်ကစားသမား ကီဗင်သွန်မဆင်နှင့် ဒါဘီတောင်ပံကစားသမား ကရစ်ကွန်မွန်းတို့သည်လည်း ယင်းခြေစစ်ပွဲနှင့် လွဲချော်ဖွယ်ရှိကြောင်း၊ နည်းပြဂျော့ဘာလေကမူ မည်သည့်အစားထိုးမှုကို မဆိုလုပ်ရန် ဆုံးဖြတ်ထားကြောင်း ယင်းသတင်းတွင် ဆက်လက်ဖော်ပြသည်။

(အင်တာနက်)

မေတ္တာဂုဏ်ရည်စာပေဟောပြောပွဲ မြစ်ကြီးနားတွင် ကျင်းပ

မြစ်ကြီးနား အောက်တိုဘာ ၃

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူး ကျင်းပသည့် ကျေးဇူးကြီးလှ မိနှင့်ဘတို့၏ မေတ္တာဂုဏ်ရည်ပူဇော်ဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၂၉ရက် နံနက် ၉နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းက အမှာစကားပြောကြားသည်။

ဟောပြော

ထို့နောက် မြတ်မင်္ဂလာနှင့် မင်္ဂလာမောင်မယ်မဂ္ဂဇင်း အယ်ဒီတာချုပ် အမျိုးသားစာပေဆုရှင် ဆရာကြီးမင်းယုဝေ၊ စာရေးဆရာကြီးချစ်ဦးညိုနှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းဗဟိုကော်မတီဝင် အမျိုးသားစာပေဆုရှင် ဆရာကြီး လယ်တွင်းသားစောချစ်တို့က မိဘကျေးဇူးကြီးမားလှသည့်အတွက် သားသမီးများမှ အစဉ်ဦးထိပ်ထား မမေ့လျော့ရန်နှင့် မွေးကျေးဇူးများ ပေးဆပ်ကြရန် ကျေးဇူးကြီးလှ မိနှင့်ဘတို့၏ မေတ္တာဂုဏ်ရည်ကို ဟောပြောသည်။

လက်ခံ

ထို့နောက် အောင်စည်းစိမ် ကျောက်မျက်ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ကြီးမိသားစုက ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ ငွေကျပ်ငါးသိန်းလှုဒါန်းရာ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွယ်ကလည်းကောင်း၊ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့သို့ လှုဒါန်းသော ငွေကျပ်ငါးသိန်းကို ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်အုန်းကလည်းကောင်း လက်ခံယူကြသည်။

ဆက်လက်၍ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ကချင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီးဒေါ်သန်းသန်းနွယ်က စာရေးဆရာကြီးများအား ဂါရဝပြု အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

(ပြည်နယ် ပြန်/ဆက်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ပခုက္ကူ-မြောက်လူးကန် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို စက်ယန္တရားများဖြင့်ဆောင်ရွက်ရာ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အထက(၂)ကြည့်မြင်တိုင်(ဟုမ်းလမ်း၊ ထီးတန်း) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၇

အထက(၂)ကြည့်မြင်တိုင်(ဟုမ်းလမ်း၊ ထီးတန်း)ကျောင်းမှ ကျောင်းသားကျောင်းသူ ဟောင်းများ၏ အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲနှင့် ထူးချန်ဆုရသူများ အား ဂုဏ်ပြုပွဲကို နိုဝင်ဘာ၂၂ရက်(အမျိုးသား အောင်ပွဲနေ့) နံနက်၁၀နာရီတွင် ကျောင်းခန်းမဆောင်ကြီး၌ ကျင်းပမည် ဖြစ်သည်။

ပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက်ညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၅ ရက်မှစ၍ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း၌ ကျင်းပလျက်ရှိရာ စိတ်ပါဝင်စားသူ ကျောင်းသား ကျောင်းသူဟောင်းတိုင်း တက်ရောက်နိုင်ကြောင်းနှင့် ပစ္စည်းနှင့်အလှူငွေများ လှုဒါန်း လိုပါက ဦးဘနှင်း ဖုန်း-၂၂၅၃၄၂၊၂၁၅၃၁၃၊ ဦးမြလှိုင် ဖုန်း-၂၂၆၈၅၅၊ ဗိုလ်မှူးစိုးဝင်း (ငြိမ်း)ဖုန်း-၂၂၅၈၇၄၊ ဦးအေးမင်းစိန် ဖုန်း-၂၁၄၇၉၄၊ ဦးခင်မောင်ထွေး ဖုန်း-၆၆၆၂၈၀၊ဦးစံဝင်း ဖုန်း-၂၂၅၉၁၄၊ ဦးတင်မင်း ဖုန်း-၀၉-၅၁-၇၁၁၀၃၊ ဦးမြသန်း ဖုန်း-၀၉-၅၀-၆၀၄၉၀ နှင့် ဦးစိုးသိန်း ဖုန်း-၅၂၅၇၉၆ တို့သို့ ဆက်သွယ်လှုဒါန်း နိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

အရိပ်ရပင်စိုက်ပျိုး

ဘားအံမြို့ အမှတ်(၄)ရပ်ကွက် ဇွဲကပင်လမ်း ဇွဲကပင်ခန်းမထိပ် လမ်းတစ်လျှောက် လမ်းဘေးဝဲယာတွင် အဖွဲ့ဝန်ထမ်းများ အရိပ်ရပင်နှင့် ပန်းအလှပင်များစိုက်ပျိုးမှုကို ဩဂုတ် ၂၉ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ တောင်ဥက္ကလာပ အမှတ်(၁) အထက်တန်းကျောင်း၌ကျင်းပ

ရန်ကုန် အောက်တိုဘာ ၇

တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အထက(၁) တောင်ဥက္ကလာပတို့ ပူးပေါင်း ဆောင်ရွက်သော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ၂၆ရက် နံနက် ၁၁နာရီက အထက(၁) တောင်ဥက္ကလာပ သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန် အရှေ့ပိုင်းခရိုင် ဦးစီးအရာရှိ ဦးစိုးညွှန့်၊ မြို့နယ်ပညာရေးမှူး ဦးဟန်မြင့်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီရှိန်နှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးဟန်မြင့်က အဖွင့်အမှာစကား ပြောကြား ပြီး(**အပေါ်ပုံ**) ခရိုင်ဦးစီးအရာရှိ ဦးစိုးညွှန့်က မိမိဘဝကိုဘယ်လိုမြှင့်တင်မလဲ ခေါင်းစဉ်ဖြင့်ဟောပြောကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသင်းက ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မိတ္တီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝိုင်ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ၊ အရိပ်ရပင်များ အမြဲမပြတ်ရှိရေးပျိုးဥယျာဉ်ထူထောင်မှုကို တိုင်းစည်ပင်သာယာရေး အဖွဲ့ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ဩဂုတ် ၂၇ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် ပျိုးဥယျာဉ်တာဝန်ခံတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ကလေးငယ် လိုအပ်ချက်များ ညှိနှိုင်းဆွေးနွေး

မောင်တော စက်တင်ဘာ ၃၀

ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်သင်းမျိုးမျိုးအောင်နှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၁ရက် နံနက်ပိုင်းက မောင်တော မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းပိုင် မူကြိုကျောင်းသို့ သွားရောက်၍ ကလေးငယ်များ၏ ကျန်းမာရေး၊လူမှုရေးနှင့် ပညာရေး လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးကာ ကလေးငယ်များကို အားပေးကြည့်ရှု၍ လက်ဆောင်ပစ္စည်းများ၊ အစားအသောက်နှင့် ဆေးဝါးများ လှုဒါန်းသည်။

(ပြည်နယ် ပြန်/ဆက်)

လှည်းကူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ဝင်နှင့် အရန်အဖွဲ့ဝင်များ တိုးတက်ရေးဆောင်ရွက်

လှည်းကူး အောက်တိုဘာ ၂

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်မှူးကြီး စစ်မြိုင်(ငြိမ်း)နှင့်အတူ ရန်ကုန်တိုင်း(စည်ပင်ပြင်ပ)စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီးစိန်ဝှက်(ငြိမ်း)တို့သည် စက်တင်ဘာ ၁၃ရက် နံနက် ၉နာရီက လှည်းကူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးသို့ ရောက်ရှိ၍ အမှုဆောင်များနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ ကဏ္ဍကြီး(၅)ရပ် လုပ်ငန်းတာဝန်ကြီးများကို အရှိန်အဟုန်မပျက် ဆောင်ရွက်သွားရန်နှင့် အဖွဲ့ဝင်နှင့် အရန်အဖွဲ့ဝင်များ တိုးတက်ရရှိရေး စည်းရုံးဆောင်ရွက်သွားရန် အကျယ်တဝင့်မှာကြားသည်။ ထို့နောက်မှော်ဘီ၊ တိုက်ကြီးနှင့် ထန်းတပင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးများသို့ သွားရောက်ပြီး အမှုဆောင်များနှင့် တွေ့ဆုံ၍ မှာကြားခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် လိန်ပင်လမ်းကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဩဂုတ် ၂၈ ရက်က လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမင်းသန့် ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ ဒေါ်အေးသူဇာလှက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာဖတ်သူတိုးပွားရေး ကျောက်မဲမြို့ အထက(၂)တွင် ဟောပြော

ကျောက်မဲ စက်တင်ဘာ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်း ပတ္တမြားခန်းမ၌ စက်တင်ဘာ ၂၅ရက် မွန်းလွဲ ၂နာရီက စာဖတ်သူတိုးပွားရေး ဟောပြောပွဲ အခမ်းအနားကို ကျင်းပရာ ဆရာ ဆရာမများနှင့် အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြော

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းခင်အုန်းပွင့်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွှန့်ဆောင်က အသိပညာ၊ အတတ်ပညာတိုးပွားစေရေးနှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ ရည်မှန်းချက်ရှိရုမယ်ခေါင်းစဉ်ဖြင့် ဟောပြောကြောင်း သိရသည်။ (အောက်ပုံ)(မြို့နယ် ပြန်/ဆက်)

မိုးကောင်းမြို့၌ စာကြည့်တိုက် တည်တံ့ရေးလုပ်ငန်း ရှင်းလင်းဆွေးနွေး

မိုးကောင်း စက်တင်ဘာ ၂၈

ကချင်ပြည်နယ် မိုးညှင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမာန်ဝိုင်းသည် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်ကျော်နှင့်အတူ စက်တင်ဘာ ၅ရက်က မိုးကောင်းမြို့နယ် ဆားမှော်၊ ထီးချိုင့်၊ ကညင်မြိုင်နှင့် ပြွန်သုံးလုံးကျေးရွာတို့၌ ဖွင့်လှစ်ထားသည့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များ၊ စာကြည့်တိုက်မှူးများအား စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။ (၀၀၁)

စကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ရန် ကျိုက်လတ်မြို့နယ်၌ မြေနေရာ ရွေးချယ်သတ်မှတ်

ကျိုက်လတ် အောက်တိုဘာ ၃

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဧရာဝတီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းသည် ဖျာပုံခရိုင် ဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်း လိုက်ပါလျက် စက်တင်ဘာ ၂၂ရက် နံနက် စနာရီခွဲက ကျိုက်လတ်မြို့နယ် ကလပ်ရပ်ကျေးရွာသို့ ရောက်ရှိလာရာ ကျိုက်လတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ထင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုသန့်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌဦးလှမျိုးထက်နှင့်အဖွဲ့က ကျေးရွာစာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာ ရွေးချယ်သတ်မှတ်မှုကို ရှင်းလင်းပြသကြသည်။(အပေါ်ပုံ)

ဆွေးနွေးမှာကြား

ထို့နောက် ဧရာဝတီတိုင်း လက်ထောက်ညွှန်ကြားရေးမှူးသည် ကျေးရွာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီတို့အား စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ရန်အခြေအနေနှင့် စာကြည့်တိုက်ကို ဒေသခံပြည်သူများ လက်တွေ့အသုံးချ လေ့လာဖတ်ရှုရှု ရေရှည်တည်တံ့ရေး ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မြို့သာယာလှပရေးအတွက် မြို့ဝင်ဆိုင်းဘုတ်အနီး မြေယာရှုခင်းအလှ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို စက်တင်ဘာ ၂၇ရက်က အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်သန်းသန်းစိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုးရာသီ စိုက်ပျိုးရေးဆိုင်ရာများ ကြာအင်းဆိပ်ကြီး၌ ပညာပေးဆွေးနွေး

ကော့ကရိတ် အောက်တိုဘာ ၂

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် စံပြသံပုရာကျေးရွာ ပဒေသာခန်းမ၌ မိုးရာသီစိုက်ပျိုးရေးဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၀ရက်က ကျင်းပရာ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး လှဖြိုး၊ ကရင်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြေအသုံးချရေးဌာနခွဲ တာဝန်ခံ ဦးလှမောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ရီ၊ ကျေးရွာဥက္ကဋ္ဌများနှင့် လယ်သမားများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲအပြီးတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြေအသုံးချရေးဌာနခွဲ တာဝန်ခံဦးလှမောင်နှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်တို့က သံပုရာဒေသ မိုးစပါးစိုက်ပျိုးပြီး စပါးခင်းများနှင့် ထွန်ယက်စိုက်ပျိုးဆဲ ရေကြီးကွင်း၊ ရေနက်ကွင်းများ စစ်ဆေးမှုကို ပြုလုပ်ကြသည်။ (ခရိုင် ပြန်/ဆက်)

လျှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သန္တာဟေဝန်ပန်းခြံ သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၂ ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

မောင်တောမြို့၌ ပျိုရွယ်သူများ မျိုးဆက်ပွား ကျန်းမာရေးနည်းပြသင်တန်းဖွင့်

မောင်တော စက်တင်ဘာ ၃၀

ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ပျိုရွယ်သူများ မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်း စီမံချက်နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၁ရက် နံနက် စနာရီက မောင်တောမြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာချိုထွန်းက ပျိုရွယ်သူများ မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်း စီမံချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။ (ပြည်နယ် ပြန်/ဆက်)

ရှင်းလင်းတင်ပြ

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် စက်တင်ဘာ၂၂ရက်က ကန်ကြီးထောင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော စည်ပင်သာယာလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ထွဋ်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

စဉ်ကူးမြို့ အထက်တန်းကျောင်း ပညာရည်ချန်ဆုချီးမြှင့်

စဉ်ကူး အောက်တိုဘာ ၃

စဉ်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၈ရက် နံနက် ၁၀နာရီက အဆိုပါကျောင်း နန်းဇရာဆောင်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့် မြို့နယ်ပညာရေးမှူးတို့က အဖွင့်အမှာစကား ပြောကြားပြီး(ယာပုံ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ဦးက နှစ်ပတ်လည်အစည်းအဝေးနှင့် မိဘဆရာအသင်း လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် ၂၀၀၇-၂၀၀၈ပညာသင်နှစ် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ရာ မြို့နယ်ဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ထူးရရှိသူများ၊ အတန်းလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ဂန့်ဂေါခရိုင် ပြန်/ဆက် အသိပညာပေးဟောပြော

ဂန့်ဂေါ စက်တင်ဘာ ၃၀

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ အသိပညာပေး ဟောပြောပွဲနှင့် စာအုပ်ပြပွဲကို ဩဂုတ် ၂၇ရက် နံနက် ၁၀နာရီက ဂန့်ဂေါမြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးသိန်းမြင့်က အမှာစကားပြောကြားပြီး(အပေါ်ပုံ) ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အေးက ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့် ပညာပေးဟောပြောသည်။

လေ့လာကြည့်ရှု

ထို့နောက် စာအုပ်ပြပွဲကို ဆက်လက်ကျင်းပရာ စာအုပ်များကို ဘာသာရပ်အလိုက်ခွဲခြား၍ ဝေဝေဆာဆာ ခင်းကျင်းပြသထား သဖြင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင် စားစွာ လေ့လာကြည့်ရှုကြသည်။ (၀၇၁)

ပန်းအလှပင်စိုက်ပျိုး

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်းနှင့်အဖွဲ့ စက်တင်ဘာ ၂၀ရက်က ချောင်းဆုံမြို့အဝင် ဆိုင်းဘုတ်အနီး ဝဲယာတစ်လျှောက် ပန်းအလှပင်များစိုက်ပျိုးထားမှုနှင့် မြေယာရှုခင်းအလှဆင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးမောင်မောင်ကြည်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဆီဆိုင်မြို့နယ်၌ ရွှေဉာဏ်ပွင့် စကြည့်တိုက်ဖွင့် စာအုပ်မျိုးစုံ၊ သတင်းစာနှင့် ငွေများလှူဒါန်း

ဆီဆိုင် စက်တင်ဘာ ၃၀

ဆီဆိုင်မြို့နယ် နောင်မွန်ကျေးရွာအုပ်စုဟိုတိကျေးရွာ ရွှေဉာဏ်ပွင့် ကိုယ့်အားကိုယ် ကိုးစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၃ရက် နံနက် ၉နာရီက အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပသည်။

ရှေးဦးစွာ အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးလှကြွယ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်နှင့် ကျေးရွာစာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးခွန်ဆန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီက စာအုပ်မျိုးစုံ၊ တောင်ကြီးကိုယ်ပွားသတင်းစာတိုက် တာဝန်ခံအရာရှိ ဦးနိုင်ထွန်းက သတင်းစာ၊ ဂျာနယ်နှင့်စာအုပ်မျိုးစုံ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်က ရေဒီယိုကက်ဆက်တစ်လုံးနှင့် ကျေးရွာစေတနာရှင်များက စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေကျပ်တစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက် ကော်မတီအဖွဲ့ဝင်များက လက်ခံယူကြကြောင်း သိရသည်။(မြို့နယ် ပြန်/ဆက်)

အရောင်းရဆုံး အဆင့် (၁ ၊ ၂) ထဲမှာ မပါသေးပါဘူး

ဒါပေမယ့် . . .

- N. P. K ပါဝင်မှုအထူးများပါတယ်။ (၆၀%)
- သိပ္ပံပညာရှင်များရဲ့ အထူးဖော်မြူလာဖြစ်ခြင်းကြောင့် အပင်တွေကြံ့ခိုင်မှုအရမ်းကောင်းစေလို့ ပိုးသတ်ဆေး ပေါင်းသတ်ဆေးတွေ အများကြီးလျှော့သုံးရပါတယ်။
(ပိုးသတ်ဆေး ပေါင်းသတ်ဆေးစရိတ်သည် ရွက်ရန်း မြေပြဲအစရိတ်၏ (၂ ဆ) မှ (၅ ဆ)အထိများပါသည်။)
- စိုက်ပျိုးရေးတောင်သူများ၏အကျိုးကျေးဇူးအတွက် နိုင်ငံတကာမှာရေးအများကြီးပိုပေးရတဲ့ အမျိုးအစားကို သာမန်ပစ္စည်းများ၏ရေးထက်လျော့ပြီး ရရှိရန်စီစဉ်ထားပါတယ်။
- ထူးခြားသီသာသည့် အကျိုးအမြတ်ရရှိရန် အာမခံပါသည်။

နိုက်ပျိုးရေးတောင်သူများ၏အောင်မြင်မှုသည်သာ "စူပရင်း" ဒီးစည်မှန်းရာ

စူပရင်းကုမ္ပဏီများအုပ်စု

နောင်ချိမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြန့နှာပန်းခြံစတီးလ်လက်ရန်းနှင့် မြေယာရှုခင်းအလှပြုပြင် ဆောင်ရွက်ထားမှုကို စက်တင်ဘာ ၂၂ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မော်ကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနကြီးမှူး ပြည်သူများ အိုင်အိုဒင်းဆား စားသုံးမှုစစ်ဆေး

မော်လမြိုင်ကျွန်း အောက်တိုဘာ ၄

မော်လမြိုင်ကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ မြို့ပေါ်ဈေးများတွင် အိုင်အိုဒင်းဆားရောင်းချမှု ရှိမရှိနှင့် မြို့မရပ်ကွက်များရှိ ပြည်သူများ အိုင်အိုဒင်းဆား စားသုံးမှုရှိမရှိ စစ်ဆေးမှုကို စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၂နာရီက ပြည်သူဈေးများနှင့် မြို့မရပ်ကွက်များ၌ ကျင်းပသည်။

ယင်းအိုင်အိုဒင်းဆား စစ်ဆေးရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဆန်း၊ မြို့နယ်ကျန်းမာရေးမှူး ဦးအောင်သန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့မရပ်ကွက်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက မြို့မဈေး၊ အောင်သာယာဈေး၊ ဗိုလ်ချုပ်ဈေးတို့တွင် အိုင်အိုဒင်းဆားရောင်းချမှု ရှိမရှိနှင့် မြို့မရပ်ကွက်များရှိ ပြည်သူများ အိုင်အိုဒင်းဆား စားသုံးမှု ရှိ၊ မရှိတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ (ယာပုံ) (၁၄၂)

မြို့နယ် သတင်းများ

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပြည်ထောင်စုလမ်းဘေးဝဲယာတွင် မြေယာရှုခင်းအလှ ပြုပြင်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



အထက်မြန်မာပြည် လက်ရွေးစင်ဘောလုံးသမားဟောင်းများကြီးမှူး သုံးပွင့်ဆိုင်ချစ်ကြည်ရေး ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပမည်

မန္တလေး အောက်တိုဘာ ၃

အထက်မြန်မာပြည် လက်ရွေးစင် ဘောလုံးသမားဟောင်းများအသင်းက ကြီးမှူး၍ သုံးပွင့်ဆိုင်ချစ်ကြည်ရေး ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို မန္တလေးမြို့ ဗထူးအားကစားကွင်း၌ အောက်တိုဘာ ၂၅ရက်မှ ၂၇ရက်အထိ ကျင်းပရန် စီစဉ်ထားသည်။

ယှဉ်ပြိုင်ကစား

အဆိုပါ ချစ်ကြည်ရေးဖိတ်ခေါ် ဘောလုံးပြိုင်ပွဲတွင် မန္တလေးတိုင်း လက်ရွေးစင်ဟောင်းများအသင်းနှင့် ကယားပြည်နယ် လက်ရွေးစင်ဟောင်းများ အသင်းတို့သည် အောက်တိုဘာ ၂၅ ရက်တွင်လည်းကောင်း၊ ရှမ်းပြည်နယ်လက်ရွေးစင်ဟောင်းများ အသင်းနှင့် ကယားပြည်နယ် လက်ရွေးစင်ဟောင်းများအသင်းတို့သည် အောက်တိုဘာ ၂၆ရက်တွင်လည်းကောင်း၊ မန္တလေးတိုင်း လက်ရွေးစင်ဟောင်းများအသင်းနှင့် ရှမ်းပြည်နယ်လက်ရွေးစင်ဟောင်းများအသင်းတို့သည် အောက်တိုဘာ ၂၇ရက်တွင် လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲဝင်ခွင့် လက်မှတ်သုံးစောင်ကို ငွေကျပ်တစ်ထောင်ဖြင့် အသင်းနာယက ဦးမြင့်လွင်၊ ဗထူးကွင်းအထူးတန်းအနီး၊ ဦးလှမြင့်(ဆရာလှ အရိုးအထူးကုဌာန) ၃၄×၄၈ လမ်းထောင့်နှင့် ဦးတင်နိုင်အေး (မင်းသီဟကဖေး) ၂၈×၇၂လမ်းထောင့်တို့တွင် လက်မှတ်များ ဆက်သွယ်ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။

(မြို့နယ် အား/ကာ)

မြောက်ဦးမြို့၌ ကျန်းမာရေးနည်းပြသင်တန်းဆင်း

မြောက်ဦး စက်တင်ဘာ ၃၀

ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပဖွင့်လှစ်သော ဖျိုရွယ်သူများ မျိုးဆက်ပွားကျန်းမာရေး နည်းပြသင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၆ရက် ညနေ ၄နာရီက မြောက်ဦးမြို့၌ ကျင်းပသည်။

ချီးမြှင့်

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှူး ၏ဇနီး တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မော်မော်သန်းက အမှာစကား ပြောကြားပြီး သင်တန်းတွင် ထူးချန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုပေးအပ်ချီးမြှင့်ကြသည်။

လှူဒါန်း

ဆက်လက်၍ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူ ၃၀အား အဝတ်အထည်များ ပေးအပ်လှူဒါန်းသည်။ (ပြည်နယ် ပြန်/ဆက်)

ရေဖြန့်ဝေပေးမှု

ပင်းတယမြို့ ရွှေဥမင်ဘုရားနှင့် မြို့ပေါ်(၁၀)ရပ်ကွက်အတွက် ကျောက်ဆင်ကြီးဘုရား တောင်ကုန်းရှိ ဂါလန် ၃၄၀၀၀ဆုံ ရေကန်မှ ရေဖြန့်ဝေပေးမှု အခြေအနေကို စက်တင်ဘာ ၂၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေ ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

အင်းတော်မြို့နယ်၌ ဘိန်းမည်းများဖမ်းဆီးရမိ

အင်းတော် စက်တင်ဘာ ၃၀

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့နယ်တွင် စက်တင်ဘာ ၇ရက်က ဘိန်းမည်းများ ဖမ်းဆီးရမိသည်။

သိမ်းဆည်းရမိ

ဖြစ်ပွားပုံမှာ အင်းတော်ရဲစခန်းမှ ဒုရဲအုပ်ဆိန်ဂေါင်နှင့်အဖွဲ့သည် စက်တင်ဘာ ၇ရက် နံနက် ၁၁နာရီ မိနစ် ၂၀က သတင်းအရ သက်သေများနှင့်အတူ အင်းတော်မြို့နယ် အင်ပင်ရွာလမ်းမပေါ်တွင် ဆိပ်သာရွာဘက်မှဆိုင်ကယ်ဖြင့်လာသော ဝင်းအောင်နှင့်တင်ဝင်းတို့ စီးလာသော ဆိုင်ကယ်ကို မသက်သဖြင့် ရပ်တန့်စစ်ဆေးရာဝင်းအောင်လွှင့်ပစ်သည့် အနက်ရောင်ကြွပ်ကြွပ်အိတ်အတွင်းမှ မူးယစ်ဆေးဝါး ဘိန်းမည်း စုစုပေါင်း အလေးချိန် ၂၅၇ ဒသမ ၁၉ ဂရမ်ကို တွေ့ရှိသိမ်းဆည်းရမိသည်။

အရေးယူ

ယင်းအမှုနှင့်ပတ်သက်၍ တရားခံဝင်းအောင် (၅၅)နှစ် (ဘ)ဦးစံတုတ်တောင်သူ အောင်းကုန်းရွာ အင်းတော်မြို့နယ်နှင့် တင်ဝင်း (၄၂)နှစ် (ဘ)ဦးကံထူးတောင်သူ အောင်းကုန်းရွာ အင်းတော်မြို့နယ်တို့အား အင်းတော်ရဲစခန်းမှ မယ(ပ)/၁၁/၀၈(မူးစိတ်)ဥပဒေပုဒ်မ ၁၅/၁၉က/၂၁ဖြင့် အရေးယူထားကြောင်း သိရသည်။

(၀၃၀)

တံတားပြုပြင်

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ဆေးရုံလမ်းပေါ်ရှိ သစ်သားတံတား ပြုပြင်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၂ရက်က အမှုဆောင်အရာရှိ ဦးတင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမော်လွှင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



ဓာတ်အား ပိုမိုပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေ

သတင်းမှတ်စု - မြင့်မောင်စိုး | ဓာတ်ပုံမှတ်တမ်း - လျှပ်စစ်(၂) | စာမျက်နှာပွဲစဉ်မှူ - ဝင်းချို

ရန်ကုန် အောက်တိုဘာ ၇

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်လိုအပ်ပေသည်။

အရှိန်အဟုန်မြှင့်တင်

နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေးမျှော်မှန်း၍ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် ဖြည့်ဆည်းပေးလျက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူများက အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဖြန့်ဖြူးပေး

ရန်ကုန်မြို့ပေါ်သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသော ဓာတ်အားခွဲရုံများအနက် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပင်မဓာတ်အားခွဲရုံလည်း အပါအဝင်ဖြစ်သည်။ *စာမျက်နှာ ၆ ကော်လံ ၅* ●



ရန်ကုန်မြို့ ဘုရင့်နောင်ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားလိုင်းများ ချိတ်ဆက် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှုကို ဤသို့တွေ့ရသည်။ [လျှပ်စစ်(၂)]

ပြည်ပသွင်းကုန် အစားထိုးထုတ်လုပ်မှု လှိုင်သာယာစက်မှုဇုန်မှ ရန်ကုန်ဂျစ် မော်တော်ယာဉ်များ

ကွင်းဆင်းလေ့လာရေးသားသူ - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာပွဲစဉ်မှူ - သန်းဇော်

လှိုင်သာယာစက်မှုဇုန်(၂) မြင်းခန်းဦးအောင်သူလမ်းရှိ ရန်ကုန်ဂျစ် မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံအတွင်း လုပ်သားများက ရန်ကုန်ဂျစ် မော်တော်ယာဉ်များကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၇

လှိုင်သာယာစက်မှုဇုန်သို့ ရောက်ရှိချိန်သည်မွန်းတည့်နေပေပြီ။ စက်မှုဇုန်အတွင်း သွားလာလှုပ်ရှားနေသော အလုပ်သမားများ၊ ကုန်တင်ယာဉ်များဖြင့် စည်ကားလှသည်။ နိုင်ငံတော်က ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များကို ကူညီအားပေးခဲ့သည့်အတွက် စက်ရုံ၊ အလုပ်ရုံနှင့် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် မွှံဖြိုးလာမှုကိုပြသနေသည့် ပြယုဂ်တစ်ခုပင်ဖြစ်သည်။

တွေ့ရ

လှိုင်သာယာစက်မှုဇုန်(၂) မြင်းဝန်ဦးအောင်သူလမ်းရှိ ရန်ကုန်ဂျစ် မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံအတွင်း ဝင်ရောက်ချိန်၌ အလုပ်သမားများ၏ လုပ်ငန်းခွင်ကို မြင်တွေ့ရသည်။ တပ်ဆင်ခဲ့ ရန်ကုန်ဂျစ် မော်တော်ယာဉ်များ၊ မော်တော်ယာဉ်အစိတ်အပိုင်းများကို နေရာအသီးသီး၌ တွေ့ရသည်။ *စာမျက်နှာ ၉ ကော်လံ ၄* ✻

မြန်မာအလင်း အာကာသသိပ္ပံ မြင့်မောင်စိုး

မာကျူရီဂြိုဟ်၏ အနီးကပ်မြင်ကွင်းဓာတ်ပုံ နာဆာအာကာသယာဉ်မှ မှတ်တမ်းတင်ရိုက်ကူး

နာဆာ အောက်တိုဘာ ၇

နေအဖွဲ့အစည်းအတွင်း အသေးငယ်ဆုံးဂြိုဟ်ဖြစ်သော မာကျူရီဂြိုဟ်၏ ဓာတ်ပုံကို အမေရိကန်အာကာသယာဉ်တစ်စင်းက အောက်တိုဘာ ၆ ရက်တွင် အနီးကပ်ဖြတ်သန်းလျက် ရိုက်ကူးနိုင်ခဲ့ကြောင်း အမေရိကန်အာကာသအေဂျင်စီနာဆာက ပြောကြားသည်။

လွတ်တင်ထား

ယင်းအာကာသယာဉ်၏အမည်မှာ မက်ဆင်ဂျာဖြစ်သည်။ မက်ဆင်ဂျာအာကာသယာဉ်သည် မာကျူရီဂြိုဟ်၏ မျက်နှာပြင်၊ သဘာဝပတ်ဝန်းကျင်အနေအထားနှင့် အခြားသောလေ့လာတိုင်းတာမှုများပြုလုပ်ရန် နာဆာကလွှတ်တင်ထားခြင်းဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၃ ■